# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 30, 2020 Volume 35, Number 22


**၃၀.၉.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၈၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၁၃၂၄/- ကျပ် |
| CBM Rate | = ၁၃၀၈.၅ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၃၂.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၅၅.၁၀၀ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၇၆.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၃၀.၉၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၂.၀၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇.၇၄၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၁.၇၉ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၄.၈၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၁.၃၁၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## တရုတ်စီးပွားရေးလုပ်ငန်းရှင်များက အဆင့်မြင့် မြန်မာစားသောက်ကုန်များ ဝယ်ယူတင်သွင်းလို




တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက အသင့်ထုပ်ပိုးထားသော အဆင့်မြင့် မြန်မာစားသောက်ကုန်များ ဝယ်ယူတင်သွင်းလိုကြောင်း တရုတ်နိုင်ငံ ဘေဂျင်းမြို့ရှိ မြန်မာ သံရုံးက စက်တင်ဘာ ၂၉ ရက်တွင် ထုတ်ပြန်အသိပေးသည်။ တရုတ်နိုင်ငံ ဖူကျန့်ပြည်နယ် ရှာမန်မြို့တွင် စက်တင်ဘာ ၆ ရက်ကစတင်ပြီး ခုနစ်ရက်ကြာ ပြုလုပ်သည့် 9.8 China–Myanmar Economic Coope-ration and Development Forum အပြီးတွင် အသင့်ထုပ်ပိုးထားသော အဆင့်မြင့်မြန်မာစားသောက်ကုန်များကို ဝယ်ယူတင်သွင်းရန် သံရုံးကိုစုံစမ်းမေးမြန်းမှုပြုလုပ်လာသည်ဟု အသိပေးစာတွင်ဖော်ပြထားသည်။ ပြီးခဲ့သည့် ဩဂုတ်လအတွင်းကလည်း မြန်မာနိုင်ငံထုတ် မုန့်ပဲသရေစာများ အပါအဝင် စားသောက်ကုန်များကို တရုတ်ဈေးကွက်သို့ ပို့ကုန်အမည်သစ်များအဖြစ် ဈေးကွက်ချဲ့ထွင်တင်ပို့နိုင်ရန် တရုတ်စီးပွားရေးသမားများနှင့် ချိတ်ဆက်ဆောင်ရွက်ထားကြောင်း ဘေဂျင်းမြို့ရှိ မြန်မာသံရုံးက သတင်းထုတ်ပြန် သည်။

မြန်မာနိုင်ငံထုတ် ထန်းလျက်၊ မြေပဲယိုကဲ့သို့ သရေစာများ၊ ယိုမျိုးစုံ၊ ဘီစကစ်အမျိုးမျိုးအပါအဝင် ကြာရှည်ခံ အစားအစာများ၊ ကော်ဖီစေ့၊ ကော်ဖီမှုန့် အပါအဝင် အသင့်ဖျော်သောက်သုံးစရာများ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ အဖျော်ယမကာများကို တရုတ်နိုင်ငံရှိ လက်လီဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်မည်ဟုဆိုသည်။ မြန်မာနိုင်ငံမှထုတ်လုပ်သော စားသောက်ကုန်များကို ဘေဂျင်း၊ ဆန်းယ၊ ချန်ဒူး၊ ထရန် ကျင်း၊ ကူမင်း၊ ကျန်းရှ၊ ကျန်း ကျိုး၊ ရှန်ဟိုင်း၊ လော့ရန်နှင့်

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ချင်းတောင်၊ ဝေးဟိုင်မြို့တို့တွင် အခမဲ့မိတ်ဆက်ပြပွဲများ ခင်းကျင်းပြသရန်စီစဉ်ထားသည်ဟု သံရုံးထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ COVID-19 ကပ်ရောဂါဖြစ်ပွား နေခြင်းကြောင့် အချိန်စောင့်ဆိုင်း နေခြင်းဖြစ်ပြီး ကပ်ရောဂါထိန်း ချုပ်နိုင်သည့် အခြေအနေသို့ ရောက်ရှိလျှင် မြန်မာစားသောက် ကုန်များကို တရုတ်နိုင်ငံတွင် မိတ် ဆက်ပြသရန် ဘေဂျင်းမြို့ရှိ မြန်မာသံရုံးကစီစဉ်ထားသည်။ လက်ရှိ တရုတ်စျေးကွက်တွင် ဗီယက်နမ်၊ မလေးရှား၊ ထိုင်း၊ စင်ကာပူနှင့် ဖိလစ်ပိုင်နိုင်ငံမှ အသင့်ထုပ်ပြီး စားသောက်ကုန်များ နေရာယူထားသည်။ ထိုနိုင်ငံများက နှစ်စဉ်ဒေါ်လာဘီလီယံချီတန်ဖိုးရှိသော အသင့်စားထုတ်ကုန်များတင်ပို့နေပြီး ဥရောပ၊ အမေရိကန်၊ တောင်အမေရိကနှင့်ကနေဒါနိုင်ငံတို့မှ စားသောက်ကုန်များလည်း ပါဝင်သည်။

မြန်မာနိုင်ငံ၏ အဓိကကုနသွယ်ဖက်နိုင်ငံဖြစ်သော တရုတ်နိုင်ငံသို့ လက်ရှိတွင် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ၊ သစ်သီးဝလံအချို့၊ ရေထွက်ကုန်အချို့နှင့် သယံဇာတကုန်ကြမ်းပစ္စည်းများတင်ပို့နေသည်။ မြန်မာပို့ကုန်ကဏ္ဍတွင် အရေးပါသော တရုတ်စျေးကွက်ကို ပြည်တွင်းထုတ်စားသောက်ကုန်များ တိုးချဲ့တင်ပို့နိုင်ရန် နိုင်ငံခြားသံရုံးများ၊ စီးပွားရေးသံမှူးများမှတစ်ဆင့် စျေးကွက်သစ်များရှာဖွေနေကြောင်း စီးပွားကူးသန်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောသည်။ တရုတ်စျေးကွက်သို့ မြန်မာစားသောက်ကုန်များတင်ပို့ရန် ပါကင်ထုပ်ပိုးမှုပုံစံသာမက စားသောက်ကုန်၏အရည်အသွေးနှင့် ဘေးကင်းလုံခြုံရေးကို စနစ်တကျစစ်ဆေးမှုများလုပ်ဆောင်ရန်လိုအပ်ကြောင်း မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးရဲမြင့်မောင်ကပြောသည်။

**Source:** https://7day.news/detail?id=200454

## ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများအား ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခွင့်၊ ပြည်တွင်းအရောင်းပြခန်းများမှ ဝယ်ယူခွင့်၊ SKD စနစ်ဖြင့် ထုတ်လုပ်သောမော်တော်ယာဉ်များ ဝယ်ယူခွင့်ပြုသည့်ကြေညာချက် အစိုးရထုတ်ပြန်



ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများအား ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခွင့်၊ ပြည်တွင်းအရောင်းပြခန်းများမှ ဝယ်ယူခွင့်၊ SKD စနစ်ဖြင့် ထုတ်လုပ်သောမော်တော်ယာဉ်များ ဝယ်ယူခွင့်ပြုသည့်ကြေညာချက်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိပြီး ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁ ရက်တွင် အသက် ၅၇ နှစ်အထက်ရှိသည့် ပင်စင်ယူရန် သုံးနှစ်အလိုဖြစ်သော တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ (သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ခံစားနေသော ဝန်ထမ်းများအပါ) အမြဲတမ်းအတွင်းဝန်ရာထူးမှ ဒုတိယညွှန်ကြားရေးမှူးရာထူးအထိ ဝန်ထမ်းများအား ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခွင့် သို့မဟုတ် ပြည်တွင်းအရောင်းပြခန်းများမှ ဝယ်ယူခွင့်ပြုမည်။ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အောက်အဆင့်ဝန်ထမ်းအား ပြည်တွင်းမှ SKD စနစ်ဖြင့် ထုတ်လုပ်သော မော်တော်ယာဉ်များကို ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

တပ်မတော်မှ နယ်ဘက်သို့ ဌာနကူးပြောင်း တာဝန်ထမ်းဆောင်ခဲ့သူများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနတွင် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် လျှောက်ထားရရှိပြီးမှသာ မော်တော်ယာဉ်တင်သွင်း/ ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။ တပ်မတော်သားအရာရှိကြီးများအား ရာထူးအဆင့်အလိုက် အချိန်ကန့်သတ်ချက်ဖြင့် အငြိမ်းစားယူရန် သတ်မှတ်ထားသည့်အတွက် စစ်မှုထမ်းကောင်းတံဆိပ်ရရှိထားသည့် ပင်စင်ယူရန် သုံးနှစ်အလိုဖြစ်သော တာဝန်ထမ်းဆောင်ဆဲ တပ်မတော်သား (အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်အဆင့်မှ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်အထိ နိုင်ငံ့ဝန်ထမ်းများနှင့် ရာထူးအဆင့်တူညီသူ ၅၀၁ ဦးအား ပြည်ပမှမော်တော်ယာဉ်တင်သွင်းခွင့် သို့မဟုတ် ပြည်တွင်းအရောင်းပြခန်းများမှ ဝယ်ယူခွင့်ပြုပါမည်။ စစ်မှုထမ်းကောင်းတံဆိပ်ရရှိထားသည့် ပင်စင်ယူရန် သုံးနှစ်အလိုဖြစ်သော တာဝန်ထမ်းဆောင်ဆဲ တပ်မတော်သား (လက်ထောက်ညွှန်ကြားရေးမှူးအဆင့်မှ ရုံးအကူအဆင့်အထိ နိုင်ငံ့ဝန်ထမ်းများနှင့် ရာထူးအဆင့်တူညီသူ) ၄၀၄၉ ဦးအား

ပြည်တွင်းမှ SKD စနစ်ဖြင့် ထုတ်လုပ်သော မော်တော်ယာဉ်များကို ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပင်စင်ယူရန် သုံးနှစ်အလိုဖြစ်သော ရဲမှုထမ်းကောင်းတံဆိပ်ရရှိထားသည် တာဝန်ထမ်းဆောင်ဆဲ ရဲတပ်ဖွဲ့ဝင် (အမြဲတမ်းအတွင်းဝန်/ ဥသွန်ကြားရေးမှူးချုပ်အဆင့်မှ ဒုတိယဥသွန်ကြားရေးမှူးချုပ်အဆင့်အထိ နိုင်ငံ့ဝန်ထမ်းများနှင့် ရာထူးအဆင့်တူညီသူ ၁၂၆ ဦးအား ပြည်ပမှမော်တော်ယာဉ်ဝယ်ယူတင်သွင်းခွင့် သို့မဟုတ် ပြည်တွင်းအရောင်းပြခန်းများမှ ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။ ပင်စင်ယူရန် သုံးနှစ်အလိုဖြစ်သော ရဲမှုထမ်းကောင်းတံဆိပ် ရရှိထားသည့် တာဝန်ထမ်းဆောင်ဆဲ ရဲတပ်ဖွဲ့ဝင် (လက်ထောက်ညွှန်ကြားရေးမှူးအဆင့်မှ ရုံးအကူအဆင့်အထိ နိုင်ငံ့ဝန်ထမ်းများနှင့် ရာထူးအဆင့်တူညီသူ) ၁၀၂၁ ဦးအား ပြည်တွင်းမှ SKD စနစ်ဖြင့် ထုတ်လုပ်သော မော်တော်ယာဉ်များကို ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တာဝန်ထမ်းဆောင်နေသော စည်ပင်သာယာရေးဝန်ထမ်းများထဲမှ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ရရှိထားပြီး ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁ ရက်တွင် အသက် ၅၇ နှစ်နှင့် အထက်ရှိသည့် ပင်စင်ယူရန် သုံးနှစ်အလိုဖြစ်သော တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ (သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ခံစားနေသည့် ဝန်ထမ်းများအပါ)၊ အမြဲတမ်းအတွင်းဝန်ရာထူးမှ ဒုတိယညွှန်ကြားရေးမှူးရာထူးအထိ ဝန်ထမ်းများအား ပြည်ပမှမော်တော်ယာဉ် တင်သွင်းခွင့် သို့မဟုတ် ပြည်တွင်းပြခန်းများမှ ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အောက်အဆင့်ဝန်ထမ်းများအား ပြည်တွင်းမှ SKD စနစ်ဖြင့် ထုတ်လုပ်သော မော်တော်ယာဉ်များကို ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိထားပြီး ပင်စင်ယူရန် သုံးနှစ်အလို နိုင်ငံ့ဝန်ထမ်းအရေအတွက်မှာ တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းအင်း ၁၁ သိန်း၏ ၁ ရာခိုင်နှုန်းကျော်သာရှိသည့်အတွက် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကိုလည်း နိုင်ငံ့ဝန်ထမ်းများနည်းတူ ယင်းတို့ အင်အား၏ ၁ ရာခိုင်နှုန်းကျော်အား မော်တော်ယာဉ်တင်သွင်းခွင့်/ ဝယ်ယူခွင့်ပြုထားခြင်းဖြစ်ကြောင်း ရှင်းလင်းထားသည်။ ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် မော်တော်ယာဉ် ဝယ်ယူခွင့်ပြုရာတွင် ရာထူးအဆင့်အလိုက် ခွင့်ပြုမည့် ငွေပမာဏမှာ အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် ကျပ်သိန်း ၅၀၀ နှင့်ညီမျှသော CIF တန်ဖိုး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ကျပ်သိန်း ၃၀၀ နှင့် ညီမျှသော CIF တန်ဖိုး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အောက်အဆင့် ကျပ်သိန်း ၃၀၀ နှင့်ညီမျှသော စက်ရုံထုတ် ရောင်းဈေးတို့ဖြစ်သည်။

နောင်နှစ်များတွင်လည်း အောက်တိုဘာ ၁ ရက်၌ အသက် ၅၇ နှစ်နှင့်အထက်ရှိ လာမည့်ပင်စင်ယူရန် သုံးနှစ်အလိုဖြစ်သော ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိထားပြီး တာဝန်ထမ်းဆောင်ဆဲ ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများအား မော်တော်ယာဉ် တင်သွင်းဝယ်ယူခွင့်ကို ထုတ်ပြန်ကြေညာခွင့်ပြုသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အသိပေးကြေညာထားသည်။

**Source:** https://news-eleven.com/article/194380

## ပြခန်းခင်းကျင်းခြင်း ကျွမ်းကျင်မှုဆိုင်ရာအတတ်ပညာ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် မြန်မာ့ထွက်ကုန်များ ပြည်ပနိုင်ငံများသို့ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျှက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ စီးပွားရေးအချက်အခြာကျသောမြို့ကြီးများတွင် ပြည်ပတင်ပို့ရန် အလားအလာရှိသော ဒေသထွက်ကုန်များပြသနိုင်ရန်နှင့် စီးပွားရေးတွေ့ဆုံဆွေးနွေးမှုများ ချိတ်ဆက်လုပ်ကိုင်နိုင်ရန် ကုန်သွယ်မှုဗဟိုဌာန (Trade Center)စုစုပေါင်း (၁၂)ခုကို ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် ကိုဗစ်-၁၉ ကာလအတွင်း ဂျာမဏီနိုင်ငံ (GIZ) အဖွဲ့နှင့်ပူးပေါင်း၍ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Strengthening for the Private Sector Development) ဖြင့် Export Readiness Checker နှင့် Showroom Professionalization လုပ်ငန်းစဉ်တို့ကို ၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လမှစက်တင်ဘာလအတွင်း အကောင်အထည် ဖော်ဆောင်ရွက်ပါသည်။ ထိုသို့ပူးပေါင်းဆောင်ရွက်မှုတွင် နိုင်ငံတကာစီးပွားရေးအကြံပေး ပုဂ္ဂိုလ်နှစ်ဦးဖြစ်သည့် Mr.Onno

Ruken နှင့် Ms.Wietske Zangberg တို့က မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ပြခန်းတာဝန်ခံအရာရှိများ နှင့်ဝန်ထမ်းများအား Showroom Professionalization ဆိုင်ရာ အီလက်ထရောနစ်အွန်လိုင်းဆွေးနွေးပွဲနှင့် သင်တန်းများပို့ချ၍ နှစ်ဦးနှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးကြပါသည်။

ပြခန်းခင်းကျင်းခြင်း ကျွမ်းကျင်မှုဆိုင်ရာအတတ်ပညာများကို မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန MITC ၌ ဖွင့်လှစ်ထားသော ရန်ကုန်ကုန်သွယ်မှုဗဟိုဌာနတွင် မြန်မာ့ထွက်ကုန်များအား အဆင့်မီခင်းကျင်းပြသနိုင်ရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ကုန်သွယ်မှုဗဟိုဌာနများတွင်လည်း တပြေးညီဆောင်ရွက်နိုင်ရေး ထို့မှတဆင့် မြန်မာ့လုပ်ငန်းရှင်များ၏ အရောင်းဆိုင်များ/ပြခန်းများအဆင့်မီ ခင်းကျင်းတတ်စေရန်နှင့် ပြည်တွင်းပြည်ပပြပွဲများတွင် ပြခန်းများလှပသပ်ရပ်စွာ ပါဝင်ခင်းကျင်းပြသနိုင်စေရန်ရည်ရွယ်ပါသည်။

ပြခန်းခင်းကျင်းခြင်း ကျွမ်းကျင်မှုဆိုင်ရာအတတ်ပညာ၏ အခြေခံများမှာ ပြခန်းဖွင့်လှစ်ထားရှိခြင်း၏ ရည်ရွယ်ချက်များ၊ ပြခန်းဖွင့်လှစ်ထားကြောင်း အများပြည်သူသိစေရန်ဆောင်ရွက်ချက်များ၊ လာရောက်လည်ပတ်လေ့လာသူများ၊ ပြခန်း အကျယ်အဝန်းနှင့်ဖွဲ့စည်းပုံ၊ ကုန်စည်ပြသထားသူများ၊ ပြခန်း၏ ဧည့်ဝတ်ပျူငှာမှု၊ ပြခန်း၏ရလာဒ်အပေါ် စံသတ်မှတ်ချက်ဟူ၍ အပိုင်းများခွဲခြား၍ ဆွေးနွေးပို့ချပါသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ပြခန်းများဖွင့်လှစ်ထားရှိရာတွင် အဓိကရည်ရွယ်ချက်မှာ လေးရပ်ရှိပြီး နိုင်ငံတကာဈေးကွက်၌ မြန်မာစွန့်ဦးတီထွင်တင်ပို့သူများ၏ ဂုဏ်သိက္ခာကိုမြှင့်တင်ရန်၊ မြန်မာကုမ္ပဏီများ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာစေရန်အတွက် ထိရောက်မှုရှိသော သတင်းအချက်အလက်များနှင့် ဈေးကွက်သုတေသန အချက်အလက်များအား အချိန်မီဖြန့်ဖြူးပေးရန်၊ နိုင်ငံခြားကုန်ဝယ်သူများနှင့် မြန်မာထုတ်လုပ်သူများအား ချိတ်ဆက်ပေးရန်၊ မြန်မာ့ကုန်စည်နှင့်ဝန်ဆောင်မှုများအား ပြည်ပဈေးကွက်များသို့တင်ပို့ခြင်းကို တိုးချဲ့မြှင့်တင်ရန်တို့ဖြစ်သည်။

မြန်မာနိုင်ငံအနှံ့တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ စီးပွားရေးအချက်အခြာကျသော မြို့ကြီးများတွင် ပြည်ပ တင်ပို့ရန်အလားအလာရှိသော ဒေသထွက်ကုန်များပြသနိုင်ရန်နှင့် စီးပွားရေးတွေ့ဆုံ ဆွေးနွေးမှုများချိတ်ဆက် လုပ်ကိုင် နိုင်ရန် ကုန်သွယ်မှုဗဟိုဌာနပြခန်းများ ဖွင့်လှစ်ထားကြောင်း အများပြည်သူသိစေရန် ဆောင်ရွက်ချက်များမှာ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၏ လူမှုကွန်ရက်စာမျက်နှာဖြစ်သော Facebook, Instagram နှင့် Website တို့တွင် ကြော်ငြာခြင်း၊ လေဆိပ်ဆိုက်ရောက်ကောင်တာများနှင့်လေကြောင်းလိုင်းမဂ္ဂဇင်များတွင် ကြော်ငြာထည့်သွင်းခြင်း၊ ပြည်တွင်း/ပြည်ပခရီးသွား ဧည့်လမ်းညွှန်များနှင့်ချိတ်ဆက်၍ ခရီးစဉ်ရေးဆွဲရာတွင် ထည့်သွင်းစေခြင်း၊ ကုန်စည်ပြပွဲများ၊ ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲ များနှင့် အစည်းအဝေးများတွင် ဖိတ်ခေါ်သတင်းစကားပါးခြင်း၊ မြန်မာနိုင်ငံအခြေစိုက်နိုင်ငံတကာသံရုံးများနှင့် စီးပွားရေးသံမှူး များအား ပြခန်းဆိုင်ရာ လက်ကမ်းစာစောင်များဖြန့်ဝေထားခြင်းစသည်ဖြင့်လုပ်ဆောင်နိုင်ကြောင်း ဆွေးနွေးကြသည်။

ပြခန်းသို့လာရောက် လည်ပတ်လေ့လာသူများအတွက် ဧည့်မှတ်တမ်းစာရင်းရေးသွင်းခြင်းနှင့် Business Card ရယူခြင်း၊ လည်ပတ်လေ့လာသူများ အချိန်တိုအတွင်း လေ့လာကြည့်ရှုနိုင်စေရန် ကုန်စည်ပစ္စည်းအုပ်စုအလိုက် လိုက်လံရှင်းလင်းပြသ ပေးခြင်း၊ လာရောက်လည်ပတ်သူများအား အချိန်ပေးလာရောက်ကြည့်ရှုသည့်အတွက် ကျေးဇူးတင်ကြောင်း အီးမေးလ် ပေးပို့ခြင်းနှင့် ကုန်စည်အသစ်ရောက်ရှိပါက ထပ်မံလာရောက်လေ့လာရန် ဖိတ်ကြားခြင်းတို့ကို ဆောင်ရွက်သင့်ကြောင်း ဆွေးနွေး ပို့ချသည်။

ပြခန်းအကျယ်အဝန်းနှင့် ဖွဲ့စည်းပုံတို့ကို ဆွေးနွေးရာတွင် နိုင်ငံတကာပြခန်းများနည်းတူ လာရောက်သူများ စိတ်အပန်းပြေစေရန်နှင့် အဆာပြေစားသုံးနိုင်ရန် ကော်ဖီကောင်တာလေးများထားရှိပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံ၍ အရောင်းအဝယ်လုပ်ငန်းများ ဆွေးနွေးနိုင်စေရန် Business Matching Table စီစဉ်ပေးခြင်း၊ ကုန်စည်များ ခင်းကျင်းပြသရာတွင် ကုန်ပစ္စည်းအုပ်စုအလိုက်ခင်းကျင်းခြင်း ဥပမာအားဖြင့် စိုက်ပျိုးရေးနှင့်လယ်ယာထွက်ကုန် ပစ္စည်းများ အုပ်စု၊ အဝတ်အထည်နှင့်ဆက်စပ်သည့် ကုန်ပစ္စည်းအုပ်စု၊ Ready to eat ကဲ့သို့ စားသောက်ကုန်များအုပ်စု၊ ရိုးရာလက်မှုဆိုင်ရာ အမှတ်တရလက်ဆောင်ပစ္စည်းများအုပ်စုစသည်ဖြင့် အမျိုးအစားတူရာတူရာများကိုစုစည်း၍ အနိမ့်အမြင့်စာပွဲများ၊ နံရံကပ် အလှဆင်၍ မီးအလင်းရောင်များဖြင့် ပံ့ပိုးပြသပါက ပြခန်းသည်ပိုမိုသပ်ရပ်ကာ ဝင်ရောက်လေ့လာသူများသည်လည်း

အချိန်တိုအတွင်း လိုအပ်သော ကုန်ပစ္စည်းများကို အလွယ်တကူရှာဖွေလေ့လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။

ပြခန်းတွင် New Arrival ကောင်တာထားခြင်းနှင့် ကုန်ပစ္စည်းအသစ်ရောက်တိုင်း အချိန်ကာလသီတင်းနှစ်ပတ်ကြာပြသပေးခြင်း၊ လာရောက်ကုန်စည်ပြသထားသူများ၏ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်၊ ဖုန်းနံပါတ်၊ ကုမ္ပဏီနှင့်ကုန်ပစ္စည်းဆိုင်ရာလက်ကမ်းစာစောင်များ ထားရှိခြင်းတို့ကြောင့် အကြီးစားအရောင်းအဝယ်လုပ်ငန်းဆွေးနွေးဆောင်ရွက်လိုပါက အလွယ်တကူဖိတ်ခေါ်တွေ့ဆုံပေးနိုင်ခြင်း၊ ကုန်ပစ္စည်း၏ သက်ဆိုင်ရာထောက်ခံချက်လက်မှတ်များရရှိထားမှု အဆင့်အတန်းနှင့် ကုန်ပစ္စည်းထုတ်လုပ်မှုဆိုင်ရာ အခြေခံဗဟုသုတများမေးမြန်းရယူထားခြင်း၊ လာရောက်ပြသထားသည့်ကုမ္ပဏီများက လစဉ်အလှည့်ကျပြခန်းရှေ့တွင် မိတ်ဆက်ရောင်းချပေးခြင်း၊ နမူနာအမြည်းကျွေးခြင်းတို့ကို ဆောင်ရွက်ခြင်းသည်လည်း ထိရောက်သောပြသရောင်းချခြင်း လုပ်ငန်းစဉ်တစ်မျိုးဖြစ်သည်။ နိုင်ငံတကာပြခန်းများနည်းတူ နောင်တချိန်တွင် ကုန်ပစ္စည်းများကို QR CODE စနစ်ဖြင့် Online Showroom များထားရှိကာ နေ့စဉ်ဝင်ရောက်လေ့လာသူများကို စစ်တမ်းကောက်ယူနိုင်ပါက ပိုမိုပြည့်စုံမည်ဖြစ်သည်။

ပြခန်းတစ်ခု၏ အရေးကြီးဆုံးအသက်မှာ လိုက်လံရှင်းပြသည့်ဝန်ထမ်းကြိုဆိုမှုပင်ဖြစ်သည်။ ပြခန်းသို့လာရောက်လည်ပတ်လေ့လာသူများအား ခရီးဦးကြိုပြု၍ လိုအပ်ချက်များမေးမြန်းခြင်းနှင့် ပြခန်းအားလိုက်လံပြသကာ သိရှိလိုသောကုန်ပစ္စည်းအကြောင်းအား အသေးစိတ်ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောပြနိုင်မှုမှာ ဒုတိယအရေးကြီးဆုံးဖြစ်သည့်အတွက် ပြခန်းတာဝန်ခံများအားလုံး လေ့လာသင်ယူထားစေလိုကြောင်း၊ ကုန်ပစ္စည်းများအကြောင်းရှင်းလင်းတင်ပြရာတွင်လည်း ကုန်ပစ္စည်းတစ်ခုချင်းစီ၏ သိသာထင်ရှားသော ဝိသေသလက္ခဏာများပိုင်ဆိုင်ထားမှု၊ ထုတ်ပိုးမှုနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး ဆိုင်ရာနိုင်ငံတကာသတ်မှတ်စံနှုန်းများနှင့်ကိုက်ညီမှု၊ ကုန်ပစ္စည်းထုတ်လုပ်သူ၏ လူမှုပတ်ဝန်းကျင်အပေါ် တန်ဖိုးထားမှုတို့ကိုပါလေ့လာ၍ ပြန်လည်ရှင်းလင်းပြောပြခြင်း၊ အကြီးစားအရောင်းအဝယ်လုပ်ငန်းဆောင်ရွက်လိုပါက ကုန်ပစ္စည်းထုတ်လုပ်သူကိုပြခန်းသို့ ဖိတ်ကြား၍ဆွေးနွေးနိုင်စေရန် ကူညီပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်းအကြံပြုပါသည်။

ပြခန်းတစ်ခု၏ အောင်မြင်မှုရလာဒ်အပေါ်တိုင်းတာရာတွင် အဓိကစံသတ်မှတ်ချက်တစ်ရပ်မှာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ပြခန်းများဖွင့်လှစ်ထားရှိခြင်း၏ အဓိကရည်ရွယ်ချက်လေးရပ်နှင့် ပြန်လည်ချိန်ညှိရမည်ဖြစ်ပြီး၊ တစ်လတစ်ကြိမ် (သို့မဟုတ်) သုံးလတစ်ကြိမ် မိမိပြခန်း၏ လုပ်ဆောင်ချက်များအနက် မည်သည့်လုပ်ငန်းစဉ်နှင့် လုပ်ကိုင်ဆောင်ရွက်မှုသည် ပြခန်း၏ရည်ရွယ်ချက်ကို မည်မျှအထောက်အကူဖြစ်စေနိုင်သည်ကို သုံးသပ်တိုင်းတာနိုင်ပါကြောင်း ဆွေးနွေးပို့ချပါသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ချမှတ်ထားသော ဦးတည်ချက်မျှော်မှန်းချက်များအရ ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းများပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေး၊ မိမိတို့နိုင်ငံ၏ထွက်ကုန်များ ဒေသတွင်းအဆင့်မီစေရေးမှ ကမ္ဘာ့အဆင့်မီစေရေး၊ ပြည်တွင်းသုံးစွဲသူများ ကျယ်ပြန့်စွာသုံးစွဲနိုင်စေရေး၊ နိုင်ငံခြားခရီးသွားများအား ဆွဲဆောင်နိုင်မှုရှိစေရေး၊ ပြည်ပဝယ်လက်များ ပိုမိုရရှိစေရေး စသည့်အချက်များ ပြည့်မီစေရန်အတွက် လက်ရှိဖွင့်လှစ်ထားသောပြခန်းများ တစ်ခုချင်းစီ၏ ဧည့်သည်လာရောက်မှုအပေါ် လုပ်ဆောင်ရမည့်အစီအမံ၊ ပြခန်း၏အခြေအနေ၊ အကျယ်အဝန်းပေါ်မူတည်၍ အကောင်းဆုံး ခင်းကျင်းပြသနိုင်ရေး၊ တာဝန်ခံအရောင်းဝန်ထမ်းများ သိရှိလိုက်နာသင့်သည့်အခြေခံကျင့်ဝတ်များ၊ ပြခန်းများဖွင့်လှစ်ခြင်းဖြင့် ရရှိလာမည့်ရလာဒ်များနှင့် ပိုမိုကောင်းမွန်သောရလာဒ်များဖြစ်ပေါ်လာရေး အစရှိသည့်ခေါင်းစဉ်များကိုပို့ချခြင်း၊ အပြန်အလှန်ဆွေးနွေးဖလှယ်ခြင်းတို့ကို လုပ်ဆောင်ကြသည်။

နိုင်ငံတကာစီးပွားရေးအကြံပေးကျွမ်းကျင်ပညာရှင်နှစ်ဦးက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ကုန်သွယ်မှုဗဟိုဌာနပြခန်း တာဝန်ခံအရာရှိများနှင့် ဝန်ထမ်းများအား အရောင်းပြခန်းတစ်ခုအား သတ်မှတ်အင်္ဂါရပ်များနှင့်အညီ စနစ်တကျ စီစဉ်ခင်းကျင်းပြသတတ်စေရန်နှင့် ပြခန်းတစ်ခုကို ထိရောက်စွာစီမံခန့်ခွဲတတ်စေရန် အဆင့်ဆင့်လေ့ကျင့်ပေးမှုမှာ အလွန်ပင်တန်ဖိုးရှိပါကြောင်းတင်ပြလိုက်သည်။

**Source: MOC – Myantrade**

## COVID-19 ကြောင့် မြန်မာ့စီးပွားရေးတိုးတက်မှုနှုန်း သုည ဒသမ ၅ ရာခိုင်နှုန်းအထိ သိသိသာသာကျဆင်းခဲ့ပြီး ဒေသတွင်း ရောဂါကူးစက်မှုလှိုင်းအသစ်၊ ကမ္ဘာ့စီးပွားရေးထိခိုက်မှုကြာရှည်ခြင်း၊ ပြည်တွင်းဘဏ္ဍာရေးကဏ္ဍ မသေချာမှု၊ ၂၀၂၀ နိုဝင်ဘာ ရွေးကောက်ပွဲအခြေအနေတို့ကြောင့် အန္တရာယ်စိန်ခေါ်မှုများ ရှိနေကြောင်းဖော်ပြ

COVID-19 ကပ်ရောဂါကြောင့် မြန်မာ့စီပွားရေးတိုးတက်မှုနှုန်း သုည ဒသမ ၅ ရာခိုင်နှုန်းအထိ သိသိသာသာကျဆင်းခဲ့ပြီး ဒေသတွင်းရောဂါကူးစက်မှု လှိုင်းအသစ်၊ ကမ္ဘာ့စီးပွားရေးထိခိုက်မှုကြာရှည်ခြင်း၊ ပြည်တွင်းဘဏ္ဍာရေးကဏ္ဍမသေချာမှု၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာရွေးကောက်ပွဲအခြေအနေတို့ကြောင့် အန္တရာယ်စိန်ခေါ်မှုများ ရှိနေသေးကြောင်း ကမ္ဘာ့ဘဏ်က ထုတ်ပြန်သည့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ အရှေ့အာရှနှင့်ပစိဖိတ်ဒေသ စီးပွားရေးသုံးသပ်ချက်၊ ကန့်သတ်ထိန်းချုပ်မှုမှ ပြန်လည်ထူထောင်ရေးသို့ အစီရင်ခံစာတွင် ဖော်ပြထားသည်။ COVID-19 က ဖွံ့ဖြိုးဆဲအရှေ့အာရှ ပစိဖိတ်ဒေသရှိ တိုင်းပြည်များအား ကပ်ရောဂါသက်ရောက်မှု၊ ကန့်သတ်တားဆီးမှုများကြောင့် တိုင်းပြည်စီးပွားရေးအပေါ်သက်ရောက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှောင့်နှေးမှု၏ သက်ရောက်မှုဟူသည့် သက်ရောက်မှု သုံးမျိုးကျရောက်စေသည်။




ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်ထားနိုင်သော အချို့နိုင်ငံများ၏ပြည်တွင်း စီးပွားရေးမှာ ပြန်လည်ထူထောင်လာနိုင်သည်။ သို့သော်ဒေသတစ်ခု၏ စီးပွားရေးသည် အခြားကျန်ရှိသော ကမ္ဘာ့နိုင်ငံများအပေါ်တွင် များစွာမှီခို နေရပြီး ကမ္ဘာ့ဝယ်လိုအားမှာ ငြိမ်သက်လျက်ရှိသည်။ ဒေသတစ်ခုလုံးအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ၁၉၆၇ ခုနှစ်ကတည်းက အနိမ့်ဆုံးနှုန်းဖြစ်သော ၀ ဒသမ ၉ ရာခိုင်နှုန်း တိုးမြင့်လာမည်ဟု ခန့်မှန်းထားသည်။

ဒေသအတွက် မျှော်မှန်းချက်များမှာ ၂၀၂၁ ခုနှစ်တွင် ပြန်လည် ထူထောင်ရေး ပုံမှန်ဆက်လက်ရှိနေခြင်း၊ ပင်မစီးပွားရေးလုပ်ငန်းများ ပုံမှန် ပြန်လည်ပတ်လာခြင်းနှင့် ကာကွယ်ဆေးထွက်ပေါ်လာနိုင်မှုအခြေအနေတို့အပေါ်တွက်ဆ၍ တရုတ်နိုင်ငံတွင် ၇ ဒသမ ၉ ရာခိုင်နှုန်းနှင့် အခြားဒေသများတွင် ၅ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာမည်ဟု ခန့်မှန်းထားသည်။သို့ရာတွင် နောင်နှစ်နှစ် အတွက်ရလဒ်များသည် ကပ်ရောဂါမတိုင်ခင်ကာလ ခန့်မှန်းချက်များအောက်တွင်သာ ဆက်လက်ရှိနေမည်ဟု ခန့်မှန်းထားသည်။ ရောဂါထိတွေ့မှုမြင့်သော ပစိဖိတ်ကျွန်းနိုင်ငံများ၏ အလားအလာမှာ ၂၀၂၁ ခုနှစ်အထိ ကပ်ရောဂါမတိုင်ခင်အဆင့်၏ ၁၀ ရာခိုင်နှုန်းအောက်တွင်သာ ရှိနေသည့်အရေးကြီးအခြေအနေတွင် ရှိနေသည်။ ဒေသတွင်းဆင်းရဲနွမ်းပါးမှုသည် နှစ်ပေါင်း ၂၀ အတွင်း ပထမဦးဆုံးအကြိမ် မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။ လူဦးရေ ၃၈ သန်းနီးပါးခန့်သည် ဆက်လက်ဆင်းရဲနေမည် သို့မဟုတ် ကပ်ရောဂါကြောင့် ပြန်လည်ဆင်းရဲသွားနိုင်မည်ဟု ခန့်မှန်းထားသည်။

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စီးပွားရေးတိုးတက်မှု ၀ ဒသမ ၅ ရာခိုင်နှုန်း အထိ သိသိသာသာကျဆင်းခဲ့သည်။ ယင်းအခြေအနေသည် မကြာသေးခင်က ရရှိထားသည့် ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်းဆိုင်ရာ ရလဒ်များကိုပါ ထိခိုက်လာသည်။ လတ်တလောအတွင်း တဖြည်းဖြည်းချင်း ပြန်လည်ပတ်လာသည့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့်၊ လျှပ်စစ်ဓာတ်အား၊စွမ်းအင်နှင့် ဒစ်ဂျစ်တယ်နည်းပညာကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှု အရှိန်မြင့်လာခြင်းကြောင့် ပြန်လည် တိုးတက်လာမည်ဟု မျှော်မှန်းရသည်။ ဒေသတွင်း ရောဂါကူးစက်မှုလှိုင်းအသစ်၊ ကမ္ဘာ့စီးပွားရေးထိခိုက်မှုကြာရှည်ခြင်း၊ ပြည်တွင်းဘဏ္ဍာရေးကဏ္ဍ မသေချာမှု၊ ဖြစ်ပွားလျက်ရှိသည့်ပဋိပက္ခများနှင့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာရွေးကောက်ပွဲအခြေအနေတို့ကြောင့် အန္တရာယ်စိန်ခေါ်မှုများ ရှိနေသေးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ “ကိုဗစ်-၁၉ က ဆင်းရဲသူတွေကို အထိခိုက်ဆုံးဖြစ်ရုံသာမက နောက်ထပ်ဆင်းရဲသူများလည်း ပေါ်ထွက်လာစေတယ်။ ဒေသတွေက မမျှော်မှန်းထားတဲ့ အခက်အခဲ မျိုးစုံနဲ့ကြုံတွေ့ရပြီး အစိုးရများကခက်ခဲတဲ့ ရွေးချယ်မှုတွေကိုပြုလုပ်နေရတယ်။ ဒါပေမဲ့လည်း ဒီလိုအပေးအယူတွေကို သက်သာ စေနိုင်မယ့် လိမ္မာပါးနပ်တဲ့ မူဝါဒရွေးချယ်မှုတွေလည်းရှိပါတယ်။ ဥပမာ- ဆင်းရဲသူတွေနဲ့ တရားမဝင်ကဏ္ဍကို အကျုံးဝင်စေဖို့ အတွက် စမ်းသပ်မှု၊ စွမ်းဆောင်ရည်ရှာဖွေမှုနဲ့ ရေရှည်လူမှုကဏ္ဍကာကွယ်မှုတွေမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းတွေဖြစ်ပါတယ်” ဟု ကမ္ဘာ့ဘဏ်၏ အရှေ့အာရှပစိဖိတ်ဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Victoria Kwakwa က ပြောကြားသည်။

**Source:** https://news-eleven.com/article/194343

## အင်းဝဒေသမှ လေ့လာစရာ ဆွမ်းတော်တင် နီးသပိတ်လုပ်ငန်း



မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝဒေသတွင် ဘိုးဘွားအစဉ်အဆက်ကတည်းက ပြုလုပ်လာသောနီးသပိတ်(ယွန်းသပိတ်) လုပ်ငန်းကို ဆက်လက်ထိန်းသိမ်း လုပ်ကိုင်ရောင်းချလျက်ရှိရာ လက်ရှိကာလတွင် ဆွမ်းတော်တင်သပိတ်ငယ်များကို အားထားပြုလုပ်ရောင်းချလျက်ရှိကြောင်း အင်းဝမြို့ ဟံသာဝတီကျေးရွာအုပ်စု ယပ်တန်းရပ်မှ နီးသပိတ်ပြုလုပ်ရောင်းချသူ တစ်ဦးထံမှသိရသည်။

နီးသပိတ်လုပ်ငန်းမှာ ယွန်းပညာအခြေခံများဖြင့်ပြုလုပ်သော လုပ်ငန်းပင်ဖြစ်သည်။ သပိတ်လုပ်ငန်းအတွက် အခြေခံဝါးအဖြူထည်များကိုပြုလုပ်ကြရသည်။ အခြေခံဖြစ်သော နီးသင်၊ နီးခေါင်းထိုးနီးလွှာ၊ နီးဖြာသည့် လုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ စတင်ပြုလုပ်ကြရသည်။ အခြေခံအကြမ်းထည်ရလာသည်နှင့် ကော်ဖြင့်ချုပ်ကာ ပြုလုပ်ပေးရသည်။ ကော်ချုပ်ပြီးသည်နှင့် နီးစွယ်ကလေးများညီညာစေရန် ဓားကောက်ကလေးများဖြင့် ခြစ်ကာ အချောသပ်ပေးရသည်။ ချောသွားသော နီးသပိတ်အကြမ်းကို မြေနုမှုန့်သုတ်ကာ အခြောက်ခံပြီး ကော်ဖတ်တိုက်ကာ ချောပေးကြရသည်။ မြေနုချောကော်ဖတ်တိုက်ပြီးပါက ညီညာစေရန် ပတ်တီးသုတ်ပေးရသည်။ ပတ်တီးညီညာသွားသည်နှင့် ပြည်တွင်းဖြစ်သစ်စေးများ သုတ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ကြရသည်။ နီးသပိတ်ဖုံးပြုလုပ်ရာတွင် အပြင်ပိုင်းအနက်ရောင်သုတ်ပြီး အတွင်းပိုင်းတွင် အနီရောင်သုတ်လေ့ရှိသည်။ သပိတ်လုံးကိုမူ အတွင်းအပြင်အနက်ရောင်သစ်စေး သုတ်ရသည်။

သစ်စေးသုတ်ပြီးသည်နှင့် ဒေသအခေါ်တိုက်သွင်းကာ သစ်စေးကို အခြောက်ခံကြရသည်။ သဘာဝသစ်စေးမှာ နေရောင်ဖြင့်အခြောက်ခံခြင်းကို မနှစ်သက်သည့်သဘာဝရှိပြီး သပိတ်များကိုမြေတိုက်အတွင်း နှစ်ရက်မှသုံးရက် အထိထားကာ သစ်စေးခြောက်အောင်ပြုလုပ်ပြီးသည်နှင့် ရောင်းတမ်းဝင်သပိတ်ရရှိသည်။ နီးသပိတ်တစ်လုံးရရှိရန်အတွက် အဆင့် ၁၅ ဆင့် အထိပြုလုပ်ရပြီး အဆင့်တစ်ဆင့် သစ်စေးသုံးပြီးပါက သုံးရက်အထိ တိုက်သွင်းကာ ပြန်လည်ထုတ်ယူပြီးမှ နောက်ထပ် သစ်စေးထပ်သုတ်ခြင်းများ အကြိမ်ကြိမ်ပြုလုပ်ရသည်။ နီးသပိတ် အစုံတစ်ရာရရှိရန်အတွက် သုံးလနီးပါး အချိန်ယူရသည်။ ရိုးရာနီးသပိတ်(ယွန်းသပိတ်) ပြုလုပ်ရောင်းချရာတွင်အသေးမှ အကြီးအထိအရွယ်အစားငါးမျိုးအဖြစ် ၄ လက်မ၊ ၅ လက်မ၊ ၇ လက်မ၊ ၁၂ လက်မအရွယ်နှင့် ၁၈ လက်မကျော်အထိ ပြုလုပ်ရောင်းချကြသည်။ ဆွမ်းတော်တင် သပိတ်အသေးဆုံး အရွယ်အစား ၄ လက်မအရွယ် သပိတ်တစ်လုံးလျှင် ငွေကျပ် ၅၀၀၀၊ ၅ လက်မသပိတ်တစ်လုံးလျှင် ငွေကျပ် ၅၅၀၀၊ ၇ လက်မအရွယ်သံဃာသုံး သပိတ်တစ်လုံးလျှင် ငွေကျပ် ၁၂၀၀၀၊ ၁၂ လက်မကျော် သပိတ်အကြီးတစ်လုံးလျှင် ငွေကျပ် ၇၀၀၀၀ ဖြင့်ရောင်းချကြသည်။ လက်ရှိကာလတွင် ဈေးကွက်အေးနေသော်လည်း ရိုးရာနီးသပိတ်(ယွန်းသပိတ်) အသေးများကို ထိန်းသိမ်းပြုလုပ်လျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/2371

## ယခုဘဏ္ဍာနှစ်အတွင်း ရေထွက်ကုန် မက်ထရစ်တန်ခြောက်သိန်းကျော်တင်ပို့နိုင်ပြီး ဝင်ငွေဒေါ်လာသန်း ၈၀၀ ကျော်ဖြင့် စံချိန်တင်ရရှိ

ယခုဘဏ္ဍာနှစ်ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှု မက်ထရစ်တန်ချိန် ခြောက်သိန်းကျော်မှ အမေရိကန်ဒေါ်လာသန်း ၈၀၀ ကျော်ဖြင့် စံချိန်တင်ဝင်ငွေရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများကပြောသည်။ သို့သော် COVID -19 ကပ်ရောဂါကြောင့် ပြည်တွင်းဈေးကွက်၌ ရေထွက်ကုန်ပစ္စည်းများထဲမှ ကုန်းတွင်းမွေးမြူရေးနှင့် ပင်လယ်ငါးဖမ်းလုပ်ငန်း ဈေးကွက်ပျက်နေကြောင်း ၎င်းတို့ကဆိုသည်။ "ပြည်တွင်းဈေးကွက်က ပျောက်သွားတာမဟုတ်ဘူး။ ပျက်ပြီး ဖရိုဖရဲဖြစ်နေတာပေါ့။ အဓိက ကတော့ COVID ကြောင့်ပဲ။ ထုတ်လုပ်တဲ့သူက ပုံမှန်အတိုင်း ရှိနေတယ်ဆိုသော်လည်းပဲ ဈေးမကောင်းဘူး။ ရောင်းချင်တိုင်း ရောင်းမရဘူး"ဟု မြန်မာနိုင်ငံငါး လုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။

ပြည်တွင်းဈေးကွက် ဝယ်လိုအားလျော့နည်းခြင်းကြောင့် လာမည့်နှစ်တွင် လျှော့ချထုတ်လုပ်နိုင်သည့်အတွက် ရေထွက်ပစ္စည်းဈေးကွက်ပြောင်းလဲမှုကြုံရနိုင်ကာ ဈေးကွက်တည်ငြိမ်မှုရရှိရေးကြိုပမ်းရမည်ဟု ငါးရှဥ့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ

ဒေါက်တာတိုးနန္ဒာတင်က သုံးသပ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ အချက်အလက်များအရ ယခုဘဏ္ဍာနှစ် ၁၁ လအတွင်း (ဩဂုတ်လကုန်အထိ) ပြည်ပသို့တင်ပို့သည့် ရေထွက်ကုန်ပမာဏသည် မက်ထရစ်တန်ချိန် ၆၃၀,၀၀၀ ကျော်ရှိကာ အမေရိကန်ဒေါ်လာ ၇၈၃ သန်းရရှိခဲ့သည်။ "အခု စက်တင်ဘာ ၂၀ ရက်နေ့အထိ စာရင်းရှိတဲ့ ပမာဏအရ မက်ထရစ်တန်ချိန် ခြောက်သိန်းခြောက်သောင်းကျော်ကနေ ဒေါ်လာသန်း ၈၂၀ ကျော်ရတယ်။ ဘဏ္ဍာနှစ်အတွက် ကျန်တော့တဲ့ ၁၀ ရက် လောက်မှာ ဒေါ်လာ ၁၀ သန်းကျော်လောက် ထပ်များလာ ဖို့ရှိတယ်"ဟု ဦးဝင်းကြိုင်ကပြောကြားသည်။ လက်ရှိ ရေထွက်ကုန်တင်ပို့မှုနှင့်ရရှိငွေသည် သမိုင်းတစ်လျှောက်အမြင့်ဆုံးဖြစ်ကာ ယခင်ဘဏ္ဍာနှစ်လေးခု စာရင်းအရ ၂၀၁၅-၁၆ တွင် ဒေါ်လာ ၅၀၂ သန်း၊၂၀၁၆-၁၇ တွင် ၆၀၅ သန်း၊၂၀၁၇-၁၈တွင် ၇၁၁ သန်း နှင့် ၂၀၁၈ ဧပြီမှ စက်တင်ဘာ အထိ ၂၉၃ သန်းရှိခဲ့သည်။ မြန်မာ့ရေထွက်ကုန်များကို ထိုင်း၊ တရုတ်၊ အရှေ့အလယ်ပိုင်း နိုင်ငံများက အများဆုံးဝယ်ယူပြီး အာဆီယံဒေသတွင်းနှင့် ဥရောပ နိုင်ငံများအပါအဝင် စုစုပေါင်း ၄၅ နိုင်ငံသို့ တင်ပို့နေသည်။

**Source:** https://7day.news/detail?id=200455

## ချင်းရွှေဟော်ဂိတ်မှ တစ်နေ့လျှင် ကုန်တင်ယာဉ် ၅၀ သာ ဝင်ခွင့်ပြုခြင်းကြောင့် ကုန်တင်ယာဉ် ၄၀၀ ခန့် ဝင်ခွင့်ရရန် စောင့်ဆိုင်းနေရ

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ဘက်မှ လောက်ကိုင်သို့သွားကားလမ်းမကြီးရှိ ချင်းရွှေဟော်ဂိတ်မှ တစ်နေ့လျှင် ကုန်တင်ယာဉ် ၅၀ သာ ဝင်ခွင့်ပြုခြင်းကြောင့် လမ်းမကြီးပေါ်တွင် ကုန်တင်ယာဉ် ၄၀၀ ခန့်ဝင်ခွင့်ရရန် စောင့်ဆိုင်းနေရပြီး အခက်တွေ့နေရကြောင်း ကုန်တင်ယာဉ်မောင်းများထံမှသိရှိရသည်။ မြန်မာနိုင်ငံဘက်မှ တရုတ်နိုင်ငံဘက်ခြမ်းသို့ ပို့ကုန်များ တင်ပို့သော ကုန်တင်ယာဉ်များအား ချင်းရွှေဟော်နယ်စပ်ဂိတ်မှ တစ်ရက်လျှင် ကုန်တင်ယာဉ် ၅၀ စီးသာ ခွင့်ပြုလိုက်ခြင်းကြောင့် ကုန်တင်ယာဉ် ၄၀၀ ကျော်မှာ လမ်းမကြီးပေါ်တွင်ရပ်ထားရပြီး စောင့်ဆိုင်းနေရကြောင်းသိရသည်။ "လောက်ကိုင်မြို့ကိုကျတော့ ကုန်တင်ယာဉ် ၅ စီးပဲ ပေးသွားတာတွေ့ရတယ်။ ဒီဂိတ်ကနေစပြီး ဟိုဘက်ကို ယာဉ်မောင်းတွေချိန်းပြီး မောင်းသွားရတာ တွေရယ်ကြောင့် လမ်းကြောင်းပိတ်နေတာလည်းဖြစ်ပါတယ်။ တရုတ်အချင်းချင်းကတော့ ပြဿနာမဟုတ်ပေမယ့် ကျွန်တော်တို့ ကားတွေကိုတော့ ကိုယ်မသိတဲ့ လူတစ်ယောက်ကိုမမောင်းခိုင်းနိုင်ပါဘူး။ အုံနာ(ကားပိုင်ရှင်)ကို ဖုန်းဆက်ခေါ်ထား ပါတယ်။"ဟု အဆိုပါ လမ်းပိုင်းမှ (၁၂)ဘီး ယာဉ်မောင်း ကိုမြင့်လွင်ကပြောသည်။

အဆိုပါ ချင်းရွှေဟော်ဂိတ်မှ ကုန်တင်ယာဉ်များကို စက်တင်ဘာ ၁၈ ရက်မှ စတင်ကာ ယာယီပိတ်ထားခဲ့ပြီး၊ စက်တင်ဘာ ၂၈ ရက်တွင် ပြန်လည် သွားလာခွင့်ပြုလိုက်သော်လည်း ကန့်သတ်မှုများစွာ ရှိနေခြင်းကြောင့် ကုန်တင်ယာဉ်များ အခက်ခဲဖြစ်နေရကြောင်း သိရသည်။ "ကားတွေကတော့ တကယ့်ကို အများကြီးတွေ့ခဲ့ရပါတယ်။ ချင်းရွှေဟော်ဂိတ်ကနေပြီး ဟိုပန်သွားလမ်းဖောင်ဆိပ်ထိ ရှိနေပါတယ်။ ၄ မိုင်ကျော်လောက်တော့ ရှည်မယ်ထင်တယ်။ ကုန်ပစ္စည်းတွေကိုတော့ ပေးဝင်သင့်ပါတယ်လို့ မြင်မိပါတယ်။" ဟု လားရှိုးမြို့သို့ ပြန်ဆင်းလာသော (၁၂)ဘီး ယာဉ်မောင်း ကိုစိုင်းနေကျော်ကပြောသည်။

အဆိုပါဂိတ်မှ ပဲအမျိုးမျိုး၊ နှမ်း၊ ဆန်နှင့်ပြောင်းတို့ကို အဓိကထားတင်သွင်းပြီး လက်ရှိကိုဗစ်ကူးစက်မြန်ရောဂါ အခြေအနေများကြောင့် ကန့်သတ်ရသည်ဆိုသော်လည်း ပြည်သူလူထုစားသောက်ရေးအတွက် ကုန်ပစ္စည်းတင်ယာဉ်များကို အလေးပေးသွားလာခွင့်ပြုစေလိုကြောင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်၊ စည်းကမ်းချက်များနှင့်အညီ စီစဉ်လုပ်ဆောင်မည်ဆိုပါက နှစ်ဦး၊ နှစ်ဖက် အဆင်ပြေနိုင်မည်ဖြစ်ကြောင်း လားရှိုးမြို့မှ လုပ်ငန်းရှင်ကြီးတစ်ဦးက သုံးသပ်ပြောဆိုသည်။

**Source:** https://www.facebook.com/standardtimedaily/

## ရန်ကုန်စတော့အိတ်ချိန်းတွင် အများနှင့်သက်ဆိုင်သောကုမ္ပဏီများအတွက် ဈေးကွက်သစ်တစ်ခု တည်ထောင်မည်

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီမဟုတ်သည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများအတွက် Pre Listing Board အမည်ဖြင့် ဈေးကွက်သစ်တစ်ခုကို မကြာမီတည်ထောင်သွားမည်ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်း(YSX) မှ သတင်းထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ပိုမိုသက်ဝင်လှုပ်ရှားလာစေရန်အတွက် စာရင်းဝင်စံနှုန်းများနှင့် မပြည့်မီသေးသည့် အများပိုင်ကုမ္ပဏီများ၊ Pre Listing Board တွင်ပါဝင်လာခြင်းဖြင့် ယင်းကုမ္ပဏီများ၏ ကော်ပိုရိတ်စီမံခန့်ခွဲမှုနှင့် ပွင့်လင်းမြင်သာသည့် ဈေးကွက်ဖြစ်ပေါ်လာစေရန် သတင်းထုတ်ပြန်မှုစနစ် ပိုမိုကောင်းမွန်လာစေရန် ရန်ကုန်စတော့အိတ်ချိန်းမှ လေ့ကျင့် ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ Pre Listing Board ကို တည်ထောင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများ၊ အများပြည်သူများအတွက်လည်း ရန်ကုန်စတော့အိတ်ချိန်း၏ ပွင့်လင်းမြင်သာမှုရှိသည့် ရောင်းဝယ်ရေးဈေးကွက်မှတစ်ဆင့် စာရင်းဝင်ကုမ္ပဏီမဟုတ်သည့် အများပိုင်ကုမ္ပဏီများ၏ အစုရှယ်ယာများကို ဝယ်ယူရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် စာရင်းဝင်စံနှုန်းများနှင့် မပြည့်မီသေးသည့် အများပိုင်ကုမ္ပဏီများအတွက် စာရင်းဝင်ကုမ္ပဏီဟူသည့် ပန်းတိုင်သို့ ရောက်ရှိနိုင်မည့်အဆင့်တစ်ခုအား ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ အဆိုပါ Pre Listing Board(PLB) ဈေးကွက်သစ်စတင်မည့် ရက်အား မကြာမီ ကြေညာပေးမည်ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှသိရသည်။

**Source:** https://www.facebook.com/standardtimedaily/

## စိုက်ပျိုးရေးထုတ်ကုန်အများစု ဈေးနှုန်းကျဆင်းမှုဖြင့်ကြုံတွေ့လာ

ကိုဗစ်ရောဂါပြန့်ပွားမှုထိန်းချုပ်ရန် ကန့်သတ်ချက်များကြောင့် ကုန်စည်ဒိုင်များပိတ်ထားရခြင်း ၊ အခြားပို့ဆောင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးအခက်အခဲများကို ကြုံတွေ့လာရသဖြင့် စိုက်ပျိုးရေးကုန်စည်များ ရောင်းဝယ်ဖောက်ကားမှုတွင် ထိခိုက်မှုများရှိလာကြောင်းသိရသည်။

မန္တလေးကုန်စည်ဒိုင်တွင် ပုံမှန်နှစ်များ၏ သီတင်းကျွတ်အကြိုကာလများသည် (စက်တင်ဘာလကုန် မှ အောက်တိုဘာလဆန်းပိုင်းထိ) အရောင်းအဝယ်အကောင်းဆုံးအချိန်ဖြစ်သော်လည်း ယခုနှစ်တွင် မတ်လကတည်းက စတင်ဖြစ်ပေါ်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါကြောင့် ပုံမှန်အရောင်းအဝယ်ပင်မဖြစ်တော့ကြောင်းနှင့် ပို့ကုန်လိုင်းများမှ ကုန်သည်များထံမှလည်း ဝယ်လိုအားကျဆင်းနေသောကြောင့် လက်ရှိအသစ်ဝင်ရောက်လာသည့် မြေပဲဆံ၊ ပြောင်းနှင့် ပဲပုပ်စေ့တို့မှာပင် ဈေးနှုန်းကျဆင်းမှု ကြုံနေရကြောင်း ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း(ကုန်စည်ဒိုင်-မန္တလေး) ဒုတိယ ဥက္ကဋ္ဌ ဦးမျိုးဆွေက ပြောသည်။ “အရောင်းအဝယ်တွေက လိုင်းပေါင်းစုံ ခပ်အေးအေးဖြစ်နေပါတယ်။ ရန်ကုန်မှာလည်း ရောဂါတွေ့ရှိမှုတွေနဲ့ ပို့ကုန်လိုင်းတွေက အရောင်းအဝယ်အေးသွားတာပါ။ တရုတ်ပို့ကုန်လိုင်းမှာလည်း အေးနေသေးတယ်။ လက်ရှိအခြေအနေက မမျှော်လင့်တဲ့ ရောဂါအခြေအနေတွေကြောင့် အေးတာပါ။ ပုံမှန်ဆိုရင်တော့သီတင်းကျွတ်အကြိုကာလတွေက ရောင်းကောင်း မယ့်ရာသီပါ။ လက်ရှိမှာက ဝယ်လိုအားနည်းတော့ အဝင်ရှိတဲ့ ပဲပုတ်စေ့၊မြေပဲဆံ ၊ပြောင်းဖူးစေ့တွေ အဝင်များပေမယ့် တောင်သူတွေမှာ အခက်အခဲဖြစ်နိုင်ပါတယ်” ၄င်းကပြောသည်။

မန္တလေးကုန်စည်ဒိုင်တွင် အိန္ဒိယပို့ကုန်သမားများ အဝယ်များသည့် မတ်ပဲ ၊ ပဲစင်းငုံ ၊မြေထောက်ပဲတို့ အရောင်းအဝယ်ကောင်းခဲ့ပြီး ပြည်တွင်းစားသုံးမှုများသည့် စားတော်ပဲမှာ ဘုရင့်နောင်ကုန်စည်ဒိုင်ပိတ်သည်နှင့်အတူ အရောင်းအဝယ် ရပ်သလောက်ဖြစ်သွားကြောင်း ၊ ယခင်နှစ်များကဲ့သို့ ပုံမှန်အရောင်းအဝယ်ပုံစံမဟုတ်သောကြောင့် သီးနှံဝယ်လိုအားနှင့် ရောင်းလိုအားကို သတိထား သုံးသပ်ရောင်းဝယ်နေရကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်ကပြောသည်။ “ ကုန်စည်ဒိုင်ရဲ့ အရောင်းအဝယ်အခြေအနေက အွန်းလိုင်းကနေပဲ အရောင်းအဝယ်လုပ်နေရတယ်။ အရောင်းအဝယ်မဖြစ်တော့ဘူး။ လက်ရှိမှာ တရုတ်ကဝင်လာတဲ့ စားတော်ပဲ(ကနေဒါ) ကို နယ်ကပဲခွဲစက်တွေကိုပို့ရတယ်။ အဓိကနယ်တွေကတော့ အောင်လံ ၊ ပြည် ၊ ပေါင်းတည် ၊ သနပ်ပင်တွေကိုပို့တယ်။ အဲ့ဒီကနေ ကြိတ်ခွဲကြော်ပြီး ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်ကိုပို့ရတယ်။ အခု ရန်ကုန်ဘုရင့်နောင် ကုန်စည်ဒိုင်ကလည်းပိတ်တော့ အရောင်းအဝယ်က ပျက်ကို သွားတယ်။" ဟု ၄င်းကပြောသည်။

"ပထမအကျော့တုန်းကတော့ အလုပ်က သူဟာနဲ့သူဖြစ်သေးတယ်။ အခု ဒုတိယလှိုင်းကတော့ သိသိသာသာကို အရောင်းအဝယ်ပျက်သွားတယ်။နယ်ပွဲစားတွေကလည်း ကုန်မပို့ချင်တော့ဘူး။ ကုန်ကားတွေကလည်း မလာချင်တော့ဘူး။ မန္တလေး-စစ်ကိုင်းလောက်သွားတာကို မလွယ်တော့ဘူး။ထောက်ခံစာတွေနဲ့သွားနေရတယ်။ လက်ရှိမှာတော့ အရောင်းအဝယ်ကောင်းတာကတော့ အိန္ဒိယပို့ကုန် ပဲစင်းငုံနဲ့ မတ်ပဲ၊မြေထောက်ပဲ အရောင်းအဝယ်ဖြစ်နေတယ်။ မတ်ပဲဆိုရင်တစ်အိတ် ကျပ် ၁၀၀,၀၀၀-

၁၀၅,၀၀၀ အရောင်းအဝယ်ဖြစ်တယ်။ ပဲစင်းငုံဆို ၇၇,၀၀၀-၇၇,၅၀၀ ဈေးရှိတယ်။ မြေထောက်ပဲဆိုရင် အရင်က ၉၀,၀၀၀ ကျော်ကနေ ကျပ် ၁၀၅,၀၀၀ ဈေးဖြစ်လာတယ်။ အိန္ဒိယပို့ကုန် ပဲတွေကတော့ အရောင်းအဝယ်ဖြစ်တယ်။ လက်ရှိမှာတော့ ကုန်စည်ဒိုင်မှာရောင်းဝယ်ထားမျိုးမဟုတ်တော့ သတိထား ရောင်းဝယ်နေရတယ်။ ဘယ်ပဲကို အရောင်းအဝယ်ဖြစ်မလဲ အခြေအနေမှန်ကို သုံးသပ်ရခက်တယ်။ ရောင်းချင်တာ များလား ဝယ်ချင်တာများလားဆိုတာ သုံးသပ်သတိထားနေရတယ်။" ဟုဦးကျော်သွင်က ဆက်လက်ပြောကြားသည်။

လက်ရှိတွင် ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း(ကုန်စည်ဒိုင်-မန္တလေး)အား စက်တင်ဘာ ၂၅ ရက် မှ အောက်တိုဘာ ၁ ရက်ထိ ယာယီပိတ်ထားခြင်းကို ရက်အကန့်အသတ်မရှိ ဆက်လက် ပိတ်ထားမည် ဖြစ်ကြောင်း ကြေညာထားပြီး အသင်းဝင်ကုန်သည်များသည် Viber Group တွင် ဝင်ရောက်ကာ အရောင်းအဝယ်များ ဆောင်ရွက်လျက်ရှိကြသည်။

**Source: The Farmer Media.**

https://www.facebook.com/myanmaawba/

## COVID-19 ရောဂါထိန်းချုပ်ရေးကာလအတွင်း ကြက်သားတစ်ပိဿာ ကျပ် ၁,၈၀၀ အထိ ဈေးနှုန်းကျဆင်း

COVID-19 ရောဂါထိန်းချုပ်ရေးကာလအတွင်း ကြက်သားဝယ်လိုအားကျဆင်းမှုကြောင့် ကြက်ခြံဖမ်းဈေး ကြက်သား တစ်ပိဿာလျှင် ၅,၀၀၀ ကျပ် မှ ၁,၈၀၀ ကျပ်အထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါက်တာခင်လှိုင်ကဆိုသည်။ "COVID-19 ပထမလှိုင်းငြိမ်သွားတော့ ကြက်ဈေးတွေပြန်တက်တယ်။ အဲဒီမှာ ကြက်မွေးသူတွေများလာတယ်။ ကြက်ခြံဖမ်းဈေးတစ်ပိဿာကို ၅,၀၀၀ ကျပ်လောက်အထိ ဈေးတက်ခဲ့တယ်။ ဒုတိယလှိုင်းဖြစ်တယ်။ စားသောက်ဆိုင်တွေ ပိတ်တယ်။ အဲဒီမှာကြက်မွေးတဲ့သူများတော့ ဈေးတွေ က ဆက်တိုက်ကျတယ်'' ဟု ၎င်း ကဖြည့်စွက်ပြောကြားသည်။

မြန်မာနိုင်ငံတွင် COVID-19 ရောဂါစတင်တွေ့ရှိသည့် မတ်လတွင်ကြက်သားဈေးနှုန်းများ ကျဆင်း၍ မွေးမြူရေးလုပ်ကိုင်သူ ၄၀ ရာခိုင်နှုန်းခန့်သာရှိတော့ကြောင်း၊ COVID-19 ပထမလှိုင်းတည်ငြိမ်သွားချိန်တွင် ကြက်ခြံဖမ်းဈေး တစ်ပိဿာ ၅,၀၀၀ ကျပ်အထိ ဈေးမြင့်လာသောကြောင့် မွေးမြူသူများလာချိန်တွင် COVID-19 ဒုတိယလှိုင်းစသည့်အတွက် ဈေးပြန်ကျ သွားခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ကြက်မွေးမြူရေးလုပ်ငန်းကို နေရာစုံတွင် လုပ်ကိုင်နေကြပြီး အသားတိုးကြက်ကို ရန်ကုန်တိုင်း ဒေသကြီး၌ အများဆုံးမွေးမြူကာ၊ မန္တလေးတိုင်းဒေသကြီး၌ ဒုတိယအများဆုံးမွေးမြူကြောင်းသိရသည်။ ရန်ကုန်ရှိ ရပ်ကွက်ဈေးများတွင် မွေးမြူရေးကြက်တစ်ပိဿာလျှင် ကျပ် ၆၀၀၀ မှ ၄၀၀၀ ကျပ်အထိ ဈေးကျသွားခဲ့ကြောင်းသိရသည်။

Source: https://www.facebook.com/XinhuaMyanmar/

## ရနောင်းငါးဈေးကွက် အဝယ်ရပ်လိုက်ပါက ငါးဖမ်းလုပ်ငန်းအားလုံးရပ်သွားနိုင်ပြီး ရေလုပ်သားများ အခက်အခဲဖြစ်သွားနိုင်



တနင်္သာရီကမ်းရိုးတန်း မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေကြသည့် ကမ်းဝေးငါးဖမ်းရေယာဉ်များမှ ဖမ်းဆီးရမိငါးများကို ရနောင်ငါးဈေးကွက်တွင်သာ ရောင်းချနေရ၍ ဈေးနှုန်းကျဆင်းလျက်ရှိကာ ရနောင်းငါးဈေးကွက် အဝယ်ရပ်လိုက်ပါက ငါးဖမ်းလုပ်ငန်းအားလုံး ရပ်သွားနိုင်ပြီး ရေလုပ်သားများ အခက်အခဲ ဖြစ်သွားနိုင်သည်ဟု ငါးလုပ်ငန်းအဖွဲ့ချုပ်မှသိရသည်။ "လက်ရှိတော့ ရနောင်းဖွင့်ထားသ၍တော့ အရောင်းအဝယ်ဖြစ်နေမယ်။ တကယ်လို့ ရနောင်းပါ ပိတ်သွားမယ်ဆိုရင်တော့ ငါးဖမ်းလုပ်ငန်းတွေအားလုံး ရပ်သွားနိုင်တယ်။ ရေလုပ်သားအားလုံး စားဝတ်နေရေး အခက်အခဲဖြစ်နိုင်တယ်။ လက်ရှိရေလုပ်သားဦးရေ ငါးဖမ်းလှေမှာ (၃)သောင်းကျော် ရှိတယ်။ (၃)သောင်းကျော်နဲ့ ဆက်နွယ်တဲ့

မိသားစုက တစ်သိန်းကျော်ခန့်ရှိမယ်။ ရနောင်းမပိတ်ဖို့အတွက် ဆုတောင်းနေရတယ် ” ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်း အဖွဲ့ချုပ် အတွင်းရေးမှူး ဦးသက်စိုးက ပြောကြားသည်။

လက်ရှိအချိန်တွင် ငါးဖမ်းလှေများမှ ဖမ်းဆီးရမိငါးများကို ထိုင်းနိုင်ငံ ရနောင်းငါးဈေးကွက်တွင် ရောင်းချလျက်ရှိပြီး တန်ဖိုးနည်းသည့်ငါးများကို မြိတ်မြို့ရှိ ငါးအမှုန့်ကြိတ်စက်ရုံတွင်ရောင်းချကြပြီး တန်ဖိုးများသည့်ငါးများကို ရနောင်းငါး ဈေးကွက်၌ရောင်းချကြသည်။ ငါးဖမ်းလှေများမှ ဖမ်းဆီးရမိငါးများ ရောင်းလိုအားနည်းနေသည့်အတွက် ရနောင်းငါးဈေးကွက် တွင် ဝယ်လိုအားရှိနေသေးတယ်လို့ ရေလုပ်ငန်းရှင်များထံမှသိရသည်။ “အဓိကတော့ ငါးတွေကို ရနောင်းမဝယ်ဘူးဆိုရင် ငါးလှေတွေရပ်သွားနိုင်တယ်။ မြိတ်မှာ ငါးဖမ်းလှေအစီး တစ်ထောင်ကျော်ရှိတယ်။ တံတားတွေ အအေးခန်းစက်ရုံတွေရှိရင် တန်ဖိုးမြင့်ထုတ်ကုန်ထုတ်ပြီးတော့ တန်ဖိုးမြင့်ထုတ်ကုန်ကို ကြိုက်တဲ့အချိန်ပြန်ထုတ်ရောင်းလို့ရတယ်။ အလုပ်အကိုင် အခွင့်အလမ်းလည်းရလာမယ်။ နိုင်ငံတော်မှ လုပ်နိုင်တဲ့လုပ်ငန်းရှင်တွေကို အအေးခန်းစက်ရုံတွေ ဆောက်လုပ်မယ့်မြေနေရာတွေ တံတားတွေ စက်ရုံတွေဆောက်မယ့် မြေနေရာတွေ စီစဉ်ဆောင်ရွက်ပေးရင် လုပ်ငန်းကြီးတွေဆက်လက်လည်ပတ်နိုင်မယ်။ နိုင်ငံတော်လည်း တန်ဖိုးမြင့်ထုတ်ကုန်ထွက်လာတော့ အခွန်အခလည်းပိုရလာမှာပါ။ အအေးခန်းစက်ရုံဖြစ်လာရင် ကိုယ့်ဆီက အလုပ်သမားတွေနဲ့ ထိုင်းရောက်နေတဲ့အလုပ်သမားတွေ အားလုံးပြန်လာလုပ်ပေးနိုင်ပါတယ်” ဟု ဦးသက်စိုးက ထပ်မံ ပြောကြားခဲ့သည်။

တနင်္သာရီကမ်းရိုးတန်းမှ ဖမ်းဆီးရမိငါးများ ရနောင်းငါးဈေးကွက်သို့ (၉၅) ရာခိုင်နှုန်းရောက်ရှိပြီး ၎င်းမှတစ်ဆင့် တခြား ငါးဈေးများသို့ရောက်ရှိကြောင်း၊ ရနောင်းငါးဈေးကွက် အရောင်းအဝယ်ရပ်လိုက်ပါက တခြားငါးဈေးကွက်မရှိ၍ ငါးဖမ်းလုပ်ငန်း ရပ်သွားနိုင်ပြီး မြိတ်မြို့တွင် ငါးတံတားများ အအေးခန်းစက်ရုံများရှိလာအောင် နိုင်ငံတော်မှရေလုပ်ငန်း ထဲထဲဝင်ဝင်လုပ်နိုင် ကိုင်နိုင်သည့်သူများကို ငါးတံတားများ အအေးခန်းစက်ရုံဆောက်နိုင်ရန် ကူညီပေးနိုင်ရန်လိုအပ်ကာ ငါးတံတားများ အအေးခန်းစက်ရုံများရှိလာမှ နိုင်ငံတကာကို ခေါ်ရောင်းနိုင်မည်ဖြစ်ပြီး ယခုလို ကိုဗစ်-၁၉ ကာလတွင် ရေလုပ်သားများ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်မှာဖြစ်သည်လို့ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

**Source:**https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/3441-if-the-ranong-fish-market-is-stopped,-all-fishing-activities-will-be-stopped-and-fishermen-will-be-in-trouble.html

## အိမ်ခြံမြေအခွန်နှုန်းထားသစ် အောက်တိုဘာ ၁ ရက်မှစ၍ အသက်ဝင်မည်

အခွန်ဥပဒေသစ်အရ လာမည့်အောက်တိုဘာ ၁ ရက်မှ စတင်ကာကာလတန်ဖိုး ကျပ်သိန်း ၁,ဝဝဝအထိ ရှိသော အိမ်ခြံမြေ အရောင်းအဝယ်များ အခွန်ခြောက်ရာခိုင်နှုန်းစတင်ပေးဆောင်ရမည်ဟု ပြည်တွင်းအခွန်များဦးစီးဌာန၊ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ''အောက်တိုဘာ ၁ ရက် နေ့မှာအသက်ဝင်မှာ ဖြစ်လို့ အခုကာလမှာအရောင်းအဝယ် လုပ်သူတွေတော့အကျုံး မဝင်သေးပါဘူး။ ကာလတန်ဖိုးစိစစ် သတ်မှတ်ချက်တွေကတော့အောက်တိုဘာ ၁ ရက်နေ့ နောက်ပိုင်းအသစ်ဖြစ်သွားမှာ''ဟု ၎င်းကပြောသည်။ ပုံမှန်အားဖြင့် ယခင်ဘဏ္ဍာနှစ်အခွန်နှုန်းထား သုံးရာခိုင်နှုန်းဖြင့်ပေးသွင်းနိုင်သည့်ကာလမှာ စက်တင်ဘာ ၃၀ ရက်တွင် ကုန်ဆုံးမည် ဖြစ်သော်လည်း ကိုဗစ်ကာလဖြေလျှော့မှုအဖြစ် ဒီဇင်ဘာလကုန်ထိ ပေးသွင်းနိုင်မည် ဖြစ်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာမှ ထုတ်ပြန်ကြေညာထားသည်။

ဒီဇင်ဘာ ၃၀ ရက်အထိ လျှော့ပေါ့ပေးထားသော အခွန်သက်သာခွင့်ခံစားနိုင်ရန် စက်တင်ဘာ ၃၀ ရက်မတိုင်မီ ငွေသွင်းချလံ ရရှိထားသူများနှင့် အနည်းဆုံးလျှောက်လွှာတင်ထားနိုင်သူများက ဖြေလျှော့မှုကိုခံစားနိုင်မည်ဖြစ်ကြောင်း ကြေညာချက်တွင ်ဖော်ပြထားသည်။ ''နောက်ဆုံး သွင်းရမယ့်ရက်ကအရမ်းနီးနေတော့ ဘဏ်မှာစုပြုံပြီးငွေသွင်းရတာ အခက်အခဲတွေ ရှိနေတယ်။ ဒါပေမဲ့ အခုလို ရက်တိုးပေးလိုက်တာကြောင့် တော်တော် သက်သာသွားမယ်။ ကိုဗစ်ကြောင့် အပြင်မထွက်ရ အမိန့်တွေလည်း ရှိနေပေမယ့် အခွန်သက်သာခွင့်ရဖို့ ဒီကာလမှာမဖြစ်မနေလုပ်ထားဖို့လိုအပ်တယ်''ဟု အိမ်ခြံမြေလုပ်ငန်းရှင်တစ်ဦး ဒေါက်တာ ထူးမြတ်နိုင်ကဆိုသည်။လာမည့် ဘဏ္ဍာနှစ်အတွက်အိမ်ခြံမြေအခွန်များကို တိုးမြှင့်လိုက်သော်လည်း ဈေးကွက်ကို ထူးထူး ခြားခြား ထိခိုက်နိုင်ခြေမရှိကြောင်းလည်း ၎င်းကဆိုသည်။

အခွန်သတ်မှတ်ရန် ကာလတန်ဖိုးစိစစ်လျှောက်ထားရာတွင် အိမ်ခြံမြေမြေငွေဒ်ဂရန် စာချုပ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှထုတ်ပေးသည့် မြေပုံ၊ မြေရာဇဝင်မူလအမည်ပေါက် ပိုင်ဆိုင်သူ၊ ကိုယ်စားလှယ်လွှဲစာ၊ အဆောက်အအုံ ဓာတ်ပုံ၊ မြေနေရာ ဓာတ်ပုံနှင့်အခြားအထောက်အထား အချက်အလက်များစွာလိုအပ်သည်။ "စည်ပင်ရုံးတွေက စက်တင်ဘာလဆန်းတည်းက အပြင်လူ ဝင်ထွက်ခွင့်ပိတ်လိုက်တော့ အထောက်အထားအချက်အလက်တွေရယူဖို့ အခက်အခဲရှိနေတယ်။ ငွေသွင်းရက်တိုးပေးထားပေမယ့် ဒီလမကုန်ခင် လျှောက်လွှာတင်နိုင်ဖို့ စည်ပင်ကအချက်အလက်မရရင် တင်လို့ မရတဲ့အတွက် အခက်အခဲတွေ ရှိနေပါတယ်"ဟုဒေါက်တာထူးမြတ်နိုင်ကပြောသည်။

အောက်တိုဘာ ၁ ရက်မှ စတင်ကာ အိမ်ခြံမြေ ရောင်းဝယ်ရာတွင်ဝင်ငွေရလမ်း မဖော်ပြနိုင်ပါက(ဝင်ငွေခွန် ဆောင်ထားခြင်း မရှိသည့်ငွေကြေး) ဝင်ငွေခွန်အပေါ် စည်းကြပ်သည့် အခွန်နှုန်းထားကို တစ်ကျပ်မှ ကျပ်သိန်း ၁,၀၀၀ အထိ အခွန်ခြောက် ရာခိုင်နှုန်း၊ ကျပ်သိန်း ၁,၀၀၁မှ ကျပ်သိန်း ၃,၀၀၀ အထိ အခွန်၁၀ ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်သည်။ စက်တင်ဘာ ၃၀ ရက် မတိုင်မီလျှောက်လွှာ တင်သွင်းထားသောအခွန်ထမ်းများအတွက်ကိုမူ ဝင်ငွေခွန်အပေါ် စည်းကြပ်သည့်အခွန်နှုန်းထားကို တစ်ကျပ်မှ ကျပ်သိန်း ၁,၀၀၀အထိ အခွန် ၃ ရာခိုင်နှုုန်း၊ ကျပ်သိန်း ၁,၀၀၁ မှ ကျပ်သိန်း ၃,၀၀၀ အထိအခွန် ငါးရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/144282.html

## မိုးသီးနှံစိုက်ပျိုးထွက်ရှိနိုင်မှု ကနဦးခန့်မှန်းချက်အား အိန္ဒိယအစိုးရက သတင်းထုတ်ပြန်ခြင်း

အိန္ဒိယစိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများဖူလုံရေးဝန်ကြီးဌာနသည် ၂၀၂၀-၂၀၂၁ သီးနှံစိုက်ပျိုးနှစ် မိုးရာသီကာလအတွင်း အဓိကသီးနှံများ စိုက်ပျိုးထွက်ရှိနိုင်မည့်အခြေအနေ ပထမအကြိမ် ကနဦးခန့်မှန်းချက်ကို ၂၂.၉.၂၀၂၀ နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ယခုနှစ် မုတ်သုံ ရာသီ၌ စက်တင်ဘာလ ၁၆ ရက်နေ့အထိ ကာလရှည်ပျမ်းမျှ မိုးရေချိန်ထက် ၇% ခန့် ပိုမိုလျက် အဓိက သီးနှံများစိုက်ပျိုးသည့် ပြည်နယ်များတွင် မိုးရွာသွန်းမှု ကောင်းမွန်သဖြင့် သီးနှံများထွက် ရှိမှုမှာ ပုံမှန်ထက်ပိုမိုနိုင်ကြောင်း၊ တစ်နိုင်ငံလုံး၌ ပဲမျိုးစုံနှင့် နှံစားသီးနှံများ စုစုပေါင်းတန်ချိန် ၁၄၄.၅၂ သန်းခန့် ထွက်ရှိနိုင်မည် ဖြစ်ကြောင်း ၎င်းသတင်းထုတ်ပြန်ချက်၌ ဖော်ပြပါရှိသည်။

၁၈.၉.၂၀၂၀ နေ့တွင် အိန္ဒိယစိုက်ပျိုးရေးဦးစီးဌာနက သီးခြားထုတ်ပြန်ခဲ့သော ကောက်ပဲ သီးနှံနှင့် ရာသီဥတု စောင့်ကြည့်လေ့လာရေးအဖွဲ့ (Crop Weather Watch Group) ၏ ၂၀၂၀-၂၁ ခုနှစ် သီးနှံစိုက်ပျိုးပြီးစီးမှု အခြေအနေစာရင်းအရ ၎င်းနေ့ရက်အထိ အိန္ဒိယနိုင်ငံတစ်ဝန်း၌ မိုးသီးနှံစုစုပေါင်း ဧရိယာဟက်တာ ၁၁၁၃.၆၃ သိန်း စိုက်ပျိုးပြီးဖြစ်ရာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဟက်တာ ၆၀.၁၁ သိန်း ပိုမိုစိုက်ပျိုးထားကြောင်း သိရှိရပါသည်။ အဆိုပါစာရင်းတွင် ယခုနှစ် မိုးစပါးစိုက်ဧရိယာ ဟက်တာ ၄၀၆.၉၇ သိန်း စိုက်ပျိုးပြီးဖြစ်ရာ ယခင်နှစ်ကာလတူထက် ဟက်တာ ၂၈.၂၆ သိန်း ပိုမိုလျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ရာ ယခုနှစ် မိုးစပါးစိုက်ပျိုး ထုတ်လုပ်မှုအား တန်ချိန် ၁၀၂.၃၆ သန်းအထိ ထွက်ရှိရန် အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက ခန့် မှန်းလျက်ရှိပြီး လွန်ခဲ့သည့် ၅ နှစ်တာကာလ ပျမ်းမျှမိုးစပါးထွက်ရှိမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၆.၇ သန်းခန့် ပိုမိုဖွယ်ရှိပါသည်။ အလားတူ အခြားနှံစားသီးနှံများအား ၁၈.၉.၂၀၂၀ နေ့အထိ ဟက်တာ ၁၈၂.၁၇ သိန်းကျော် စိုက်ပျိုးထားပြီးဖြစ်ရာ သီးနှံတန်ချိန် ၃၂.၈၄ သန်း ထွက်ရှိနိုင်ကြောင်း ခန့်မှန်းလျက်ရှိပြီး ၅ နှစ်တာကာလ ပျမ်းမျှ ထုတ်လုပ်မှု ပမာဏထက် တန်ချိန် ၁.၄၅ သန်းခန့် ပိုမိုမည်ဖြစ်ပါသည်။

၂၀၂၀-၂၁ ခုနှစ် မိုးသီးနှံ ပဲမျိုးစုံအား ၁၈.၉.၂၀၂၀ နေ့အထိ ဟက်တာပေါင်း ၁၃၈.၆၂ သိန်း စိုက်ပျိုးထားပြီးဖြစ်ကြောင်း၊ ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ဟက်တာ ၆.၂၈ သိန်းခန့်ပိုမိုကြောင်း အိန္ဒိယစိုက်ပျိုးရေးဦးစီးဌာနက စာရင်းထုတ်ပြန်ထားပြီး ၂၀၁၉-၂၀ ခုနှစ် မိုးသီးနှံ ပဲမျိုးစုံထုတ်လုပ်မှု စတုတ္ထအကြိမ်ခန့်မှန်းချက်ထက် တန်ချိန် ၁.၅၉ သန်းပိုမိုလျက် အထွက်ပမာဏ တန်ချိန် ၉.၃၁ သန်း ရရှိရန် ခန့်မှန်းထားပါသည်။ အဆိုပါစာရင်းအရ ၁၈.၉.၂၀၂၀ နေ့အထိ ယခင် နှစ်ကာလတူထက် ပဲစင်းငုံအား ဟက်တာ ၂.၇၈ သိန်း၊ မတ်ပဲအား ဟက်တာ ၀.၅၉ သိန်းနှင့် ပဲတီစိမ်းကို ဧရိယာဟက်တာ ၅.၀၄ သိန်း ပိုမိုတိုးချဲ့စိုက်ပျိုးထားကြောင်းတွေ့ရှိရသည်။ ယခုနှစ် ရာသီဥတုကောင်းမွန်မှုအရ မိုးသီးနှံပဲမျိုးစုံထွက်ရှိနိုင်မှုမှာ ပဲစင်းငုံ၌ ယခင်နှစ်ကထက် တန်ချိန် ၂.၁ သိန်းပိုမိုလျက် အထွက်တန်ချိန် ၄၀.၄ သိန်း၊ မတ်ပဲတွင် ယခင်နှစ်ကထက် ၈.၅ သိန်းပိုမို၍

အထွက်ပမာဏ တန်ချိန် ၂၁.၅ သန်းနှင့် ပဲတီစိမ်း၌ တန်ချိန် ၃ သိန်းပိုမိုလျက် အထွက်တန်ချိန် ၂၀.၉ သိန်း ရရှိနိုင်ကြောင်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်။

၂၀၂၀-၂၁ ခုနှစ် မိုးရာသီကာလတွင် ပြည်နယ်အချို့ရှိ မြေပဲနှင့် ပဲပုတ်စေ့ စိုက်ခင်းများမှာ ရေကြီးမှုများကြောင့် ထိခိုက်ပျက်စီးမှုများရှိသော်လည်း ယခင်နှစ်ကထက် ဆီထွက်သီးနှံ ဧရိယာ ဟက်တာ ၁၈.၆၈ သိန်း ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်သဖြင့် အထွက်ပမာဏ တန်ချိန် ၂၅.၇၃ သန်း ရရှိနိုင်ကြောင်း ခန့်မှန်းထားရာ ၂၀၁၉-၂၀ ခုနှစ် မိုးရာသီ ဆီထွက်သီးနှံထုတ်လုပ်မှု စတုတ္ထအကြိမ် ခန့်မှန်းချက်ထက် တန်ချိန် ၃.၄၁ သန်း ပိုမိုဖွယ်ရှိသည်။ မိုးသီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် ဝါဂွမ်း ၁၇၀ ကီလိုဂရမ်ဝင် ဘေထုတ် ၃၇.၁၂ သန်း၊ ဂုန်လျှော်နှင့် ချဉ်ပေါင်လျှော် (Mesta) တို့အား ၁၈၀ ကီလိုဂရမ်ဝင် ဘေထုတ် ၉.၆၆ သန်းနှင့် ကြံသီးနှံ တန်ချိန် ၃၉၉.၈၃ သန်း ထွက်ရှိရန် ခန့်မှန်းထား သည်။

ပြည်နယ်များမှပေးပို့သည့် အချက်အလက်များနှင့် အခြားသောသတင်းအရင်းအမြစ်များအပေါ်အခြေပြု၍ တွက်ချက်ခြင်းဖြစ်ရာ ပိုမိုတိကျသော အချက်အလက်များကို ရရှိလာသည်နှင့်အမျှ ယခုခန့်မှန်းချက်များမှာ ပြောင်းလဲနိုင်မည် ဖြစ်ကြောင်း၊ ပြည်နယ်များမှ ပေးပို့လာမည့်တုန့်ပြန်ချက်များအရ ပြန်လည်သုံးသပ်ဆောင်ရွက်လျက် ပိုမိုနီးစပ်သည့် စိုက်ပျိုးထွက်ရှိမှု ခန့်မှန်းချက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်ကြောင်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက ဖော်ပြထားပါသည်။

Source: 1. First Advance Estimates of Production of major Kharif crops for 2020–21 released, 22 Sept 2019, Press Information Bureau of India

2. Total Kharif crops sown on 1113.63 lakh ha area against 1053.52 lakh ha area during the corresponding period last year, 18 Sept 2019, Press Information Bureau of India

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့**

## လွတ်လပ်သည့်ကုန်သွယ်ရေးဇုန် (၂၁)ဇုန်ရှိလာသည့် တရုတ်နိုင်ငံ

တရုတ်နိုင်ငံ၏ နိုင်ငံတော်ကောင်စီက ပေကျင်း၊ ဟူနန်နှင့် အန်းဝေမြို့များတွင် လွတ်လပ်သော ကုန်သွယ်ရေးဇုန် (၃)ဇုန် ထပ်မံခွင့်ပြုလိုက်သဖြင့် ယခုအချိန်တွင် တရုတ် နိုင်ငံတစ်ဝှမ်း၌ စုစုပေါင်း လွတ်လပ်သောကုန်သွယ်ရေးဇုန် (၂၁)ဇုန် ရှိသွားပြီဖြစ်ပါသည်။ ၎င်းဇုန်များက တရုတ်နိုင်ငံ၏ ပိုမိုနက်ရှိုင်းသော ပြုပြင်ပြောင်းလဲမှုများမှတဆင့် အရည်အသွေးမြင့် ဖွံ့ဖြိုးမှုကို မြှင့်တင်သွားရေးနှင့် ဒစ်ဂျစ်တယ်စီးပွားရေး၊ အဆင့်မြင့်စက်မှုကုန်ထုတ်လုပ်မှုနှင့် ဒေသတွင်းဆိုင်ရာ ပေါင်းစည်းရေး တို့ကို အာရုံထားလျက် ပိုမိုတံခါးဖွင့်ပေးရေးတို့အတွက် ထပ်မံ ဖြေလျှော့ဆောင်ရွက်သွားမည်ဟု သိရပါသည်။

ယခုကဲ့သို့ ဇုန်(၃)ဇုန် ထပ်မံခွင့်ပြုပေးလိုက်ခြင်းမှာ စက်မှုကုန်ထုတ်လုပ်မှုနှင့် ကုန်စည်ထောက်ပံ့မှုကွင်းဆက်များ စိတ်ချလုံခြုံစေရေးနှင့်တည်ငြိမ်ရေး သေချာစေရန်နှင့် အဆင့်မြင့်တံခါးဖွင့်ပေးမှုများကို ထပ်ချပ်မကွာဆောင်ရွက်ရန် တရုတ်နိုင်ငံ၏လှုပ်ရှားမှုကို ပြသခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Wang Shouwen က ထုတ်ဖော်ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်ရန်နှင့် ကုန်သွယ်ရေးနှင့် ဒေသတွင်းဆိုင်ရာ ပေါင်းစည်းရေးကိုမြှင့်တင်ရန် ၎င်း၏ ပထမဆုံး လွတ်လပ်သည့်ကုန်သွယ်ရေးဇုန်ကို ရှန်ဟိုင်းမြို့တွင် ၂၀၁၃ ခုနှစ်က စတင်တည်ထောင်ခဲ့ပါသည်။ ၎င်းနောက် ကမ်းရိုးတန်းတလျှောက်တည်ရှိသည့် ဖူကျန်းနှင့်ကွမ်တုန်းပြည်နယ်များနှင့် ကုန်းတွင်းပိုင်း၌ တည်ရှိသော ရှန်းရှီးနှင့် စီချွမ်းပြည်နယ်များအပါအဝင် မတူညီသည့် နေရာများ၌ ဇုန်ပေါင်း (၂၀)ကို တည်ထောင်လာခဲ့ပါသည်။

ပေကျင်းရှိ လွတ်လပ်သောကုန်သွယ်ရေးဇုန်မှာ (၁၁၉.၆၈) စတုရန်းကီလို မီတာကျယ်ဝန်းပြီး သိပ္ပံနှင့်နည်းပညာ တီထွင်ဆန်းသစ်မှု၊ အပြည်ပြည်ဆိုင်ရာစီးပွားရေး ဝန်ဆောင်မှုများ၊ အဆင့်မြင့်လုပ်ငန်းများပါဝင်ပါမည်။ ၎င်းဇုန်၌ လာရောက်ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားသားများကို တရုတ်နိုင်ငံသားများနှင့် တန်းတူထားဆက်ဆံမည်ဖြစ်ပြီး၊ ကုန်သွယ်မှု ဝင်ရောက်ခွင့်ကို တိုးတက်စေလျက်၊ ဘေကျင်း-တီရန်ကျင်း-ဟာဘေဒေသတွင် အခြေအနေပေါ်မူတည်၍ ဝန်ဆောင်မှု ကုန်သွယ်ရေးကန့်သတ်ထားသည်များကို ဖြေလျှော့ပေးသွားမည်ဟု ပေကျင်းဒုတိယမြို့တော်ဝန် Yang Jinbaiက ပြောကြား ထားပါသည်။

ဟူနန်နှင့် အန်းဝေပြည်နယ်များရှိ လွတ်လပ်သောကုန်သွယ်ရေးဇုန်များမှာ (၁၁၉.၇၆) စတုရန်းကီလိုမီတာနှင့် (၁၁၉.၈၆) စတုရန်းကီလိုမီတာ အသီးသီးကျယ်ဝန်းမည်ဖြစ်ပါသည်။ ဟူနန်ပြည်နယ်ရှိဇုန်မှာ ပြည်ပမှ တိုက်ရိုက်လာရောက်ရင်းနှီးမြှုပ်နှံမှုများနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်ရည်ရွယ်ထားပါသည်။ ၎င်းဇုန်တွင် ပို့ကုန်ဦးစားပေး စက်မှုကုန်ထုတ်လုပ်ငန်းများ၊ ဆောက်လုပ်ရေးစီမံကိန်းများနှင့် ဝန်ဆောင်မှုပေးသူများအတွက် မူဝါဒအသစ်ဖြင့် ပံ့ပိုးပေးမည်ဖြစ်ကြောင်းနှင့် အထူးသဖြင့် အာဖရိကနိုင်ငံများနှင့် ရပ်ဝန်းနှင့်ပိုးလမ်းမ စီမံကိန်းအောက်တွင်ပါရှိသည့်နိုင်ငံများအား ဦးစားပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး He Baoxiangက ထုတ်ဖော်ပြောကြားပါသည်။

ရန်ဇီမြစ်ဝှမ်းတွင် တည်ရှိသော အန်းဝေ FTZကမူ ဒေသတွင်းဖွံ့ဖြိုးရေးနှင့် အဆင့်မြင့်စက်မှုကုန်ထုတ်လုပ်မှုများ၊ ဆားကစ်ပြားထုတ်လုပ်မှုများ၊ ဉာဏ်ရည်တု (AI) နည်းပညာအသုံးပြုသည့်လုပ်ငန်းများ၊ နယ်စပ်ဖြတ်ကျော် e-commerce လုပ်ငန်းများကို ဦးစားပေးမြှင့်တင်သွားမည်ဟု အန်းဝေ၏ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Zhang Xiက ပြောကြားပါသည်။

တရုတ်နိုင်ငံသည် ၎င်း၏ကြီးမားသော ပြည်တွင်းဈေးကွက်အား အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိချိန်တွင် တစ်ကမ္ဘာလုံးနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရန်လည်း ဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ရာ၌ ရင်းမြစ်များကို ထိရောက်စွာခွဲဝေအသုံးပြုရေးမြှင့်တင်ရန် လွတ်လပ်သောကုန်သွယ်ရေးဇုန်များ၏ အခန်းကဏ္ဍက များစွာအရေးပါလိမ့်မည်ဖြစ်ကြောင်း သတင်းရရှိပါ သည်။

**Source:** http://www.newsgd.com

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ တရုတ် (နန်နင်း)**

## ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်နိုင်ရန် ဟောင်ကောင်ဒေသအား တရုတ်ပြည်မကြီး၏ အဓိကနေရာအဖြစ်ဆောင်ရွက်နိုင်ရန် အဆင့်မြှင့်တင်ရန်လိုအပ်ခြင်း

ဟောင်ကောင်ဒေသသည် တရုတ်ယွမ် အရောင်းအဝယ်ပြုလုပ်သည့် တရုတ်ပြည်မကြီး ပြင်ပရှိအကြီးဆုံးစင်တာတစ်ခုဖြစ်ရာ နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းများ တိုးချဲ့နိုင်ရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန်နှင့် ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်နိုင်ရန် အဓိကနေရာအဖြစ် ဆောင်ရွက်နိုင်မှုအား ပိုမိုအားကောင်းစေရန် စီစဉ်လျက်ရှိကြောင်း၊ ကမ္ဘာ တစ်ဝှမ်းမှ ရင်းနှီးမြှုပ်နှံသူများသည် ဟောင်ကောင်ဈေးကွက်၌ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအတွင်း ယွမ် (၁၉.၅) ဘီလီယံ (ဟောင်ကောင်ဒေါ်လာ ၂၂.၂ ဘီလီယံ) တန်ဖိုးရှိ စာချုပ်များအား အရောင်းအဝယ်ပြုလုပ်ခဲ့ရာ နောင်လာမည့်လများအတွင်း စာချုပ်များနှင့် ငွေကြေးရောင်းဝယ်မှုများ ပိုမိုလုပ်ကိုင်လာကြမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသအား အချက်အချာကျသည့် ငွေကြေးစင်တာအဖြစ် ပြန်လည်သတ်မှတ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်လျှက်ရှိကြောင်း၊ ဟောင်ကောင်ဒေသအား ၁၉၉၇ ခုနှစ်တွင် တရုတ်ပြည်မကြီးသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးနောက် ဟောင်ကောင်ဒေသအား တရုတ်ပြည်မကြီး၏ ငွေကြေးဈေးကွက်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်ရန် ဆောင်ရွက်လျှက်ရှိကြောင်း၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တွင် စတော့ရှယ်ယာများဖြင့် ချိတ်ဆက်ရောင်းဝယ်ခြင်းများပြုလုပ်ခဲ့ပြီး၊ ၂၀၁၇ ခုနှစ်တွင် စာချုပ်များ ရောင်းဝယ်ခြင်းများ ပြုလုပ်နိုင်ခဲ့ကြောင်း၊ (၂) နှစ်ကြာ ဖြစ်ပွားနေသော တရုတ်-အမေရိကန် ကုန်သွယ်ရေးစစ်ပွဲကြောင့် ငွေကြေးကဏ္ဍမှနည်းပညာ ကဏ္ဍအထိ ကွဲလွဲမှုများဖြစ်နေကြောင်း၊ ၂၀၀၉ ခုနှစ်မှစတင်၍ တရုတ်ယွမ်ငွေကြေးအား ကမ္ဘာ့ဒေသအနှံ့တွင် အသုံးပြုနိုင်ရန် စတင်ဆောင်ရွက်ခဲ့သည့် အချိန်မှစတင်၍ ဟောင်ကောင်ဒေသသည် တရုတ်ပြည်မကြီးပြင်ပရှိ တရုတ်ယွမ်ငွေကြေး အများဆုံးကုန်သွယ်မှုပြုလုပ်သည့် အကြီးမားဆုံးစင်တာဖြစ်လာကြောင်း၊ ဟောင်ကောင်ဒေသ၌ တရုတ်ယွမ်ငွေ အပ်နှံမှုမှာ ဩဂုတ်လ၌ (၄.၆) ရာခိုင်နှုန်း၊ တန်ဖိုးအားဖြင့် (၆၄၄.၁) ဘီလီယံယွမ် မြင့်တက်ခဲ့ကြောင်း၊ နယ်စပ်ဖြတ်ကျော် ငွေလွှဲပြောင်းမှုမှာ (၉) ရာခိုင်နှုန်း၊ တန်ဖိုးအားဖြင့် (၄၉၇.၃) ဘီလီယံယွမ် မြင့်တက်ခဲ့ကြောင်း ဟောင်ကောင်ငွေကြေးအာဏာပိုင် အဖွဲ့စာရင်းများအရ သိရှိရကြောင်း၊ ဟောင်ကောင်ဒေသအနေဖြင့် ငွေလုံးငွေရင်းများ မြင့်တက်လာအောင် အစိုးရနှင့်တရုတ်ပြည်မကြီးမှ လုပ်ငန်းများကို ကူညီပံ့ပိုးနိုင်ရန် အဆင့်မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမေရိကန်သမ္မတထရမ့်မှ တရုတ်နိုင်ငံနှင့်စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပူးတွဲဆောင်ရွက်မှုများကို ခွဲထွက်မည်ဟု ခြောက်လှန့်လျှက်ရှိကြောင်း၊ အခြေအနေအရ တရုတ်အနေဖြင့်ရွေးချယ်ရန်မရှိသော်လည်း ၎င်း၏ယွမ်ငွေကြေးဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတကာသုံးစွဲနိုင်ရေးတို့အား အဓိကထား

ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၂၃ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Enoch Yiu က "City to boost role as mainland's gateway to Global markets" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဟောင်ကောင်**

## STOCK EXCHANGE (30.9.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 30th Sep. 2020

#### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +100 | +1.01% | 10,500 | 10,500 | 10,000 | 1,364 | 14,141,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,700 | 3,700 | 3,700 | 3,259 | 12,058,300 | 38,929,150 | 144,038 |
| MCB | 00003 | 8,000 | -100 | -1.23% | 8,000 | 8,000 | 8,000 | 10 | 80,000 | 10,400,986 | 83,208 |
| FPB | 00004 | 22,500 | -500 | -2.17% | 22,500 | 22,500 | 22,500 | 2,208 | 49,680,000 | 2,472,053 | 55,621 |
| TMH | 00005 | 2,700 | -50 | -1.82% | 2,700 | 2,700 | 2,700 | 89 | 240,300 | 12,823,224 | 34,623 |
| EFR | 00006 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 0 | 0 | 19,977,223 | 59,932 |

### Market summary

As of 30th Sep. 2020

#### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 435.87 | -0.13 | -0.03% | 446.11 | 446.11 | 435.87 | 6,930 | 76,199,600 | 6 | 648,549 |

#### Index chart



# Market Overview

As of 12:00 pm, 30th Sep. 2020

| MYANPIX | 444.98 ▲ 8.98 |
|---|---|
| Total Volume (shares) | 4,803 |
| Total Value (MMK) | 38 mil |
| Listed Company | 6 |
| Market Cap. (MMK) | 662,106 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 600 |
| MTSH | 00002 | 3,700 | ▲ 0 |
| MCB | 00003 | 8,000 | ▼ 100 |
| FPB | 00004 | 22,500 | ▼ 500 |
| TMH | 00005 | 2,700 | ▼ 50 |
| EFR | 00006 | 3,000 | ▲ 0 |

TIR